မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ သောကြာနေ့၊ အတွဲ(၄၂)၊ အမှတ်(၁၀၆)

မြစ်ငယ်တံတားစီမံကိန်း ၇၄ ရာခိုင်နှုန်းပြီးစီးနေ မြို့ကြီးတမံပြီးစီးပါက စိုက်ကေသုံးသောင်း ရေပေးဝေမည်

ရန်ကုန် ဇန်နဝါရီ ၁၃

မန္တလေးတိုင်း မိတ္ထီလာမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်–မန္တလေးလမ်း မိုင်တိုင်အမှတ်(၃၃၀/၄) ကန်တောင်ရွာအနီးသို့ ရောက်ရှိကြသည်။

ဆက်လက်၍ ကန်တောင်ရွာမှ မိတ္ထီလာ–သာစည်လမ်းရှိ ပျဉ်သာရွာအနီးသို့ ဆက်သွယ် ဖောက်လုပ်လျက်ရှိသည့် မိတ္ထီလာမြို့ရှောင်လမ်းသို့ရောက်ရှိကြပြီး လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ယုဇနဟိုက်ဝေးကုမ္ပဏီလီမိတက် စီမံကိန်းဒါရိုက်တာ ဦးအောင်ဝမ်းက ရှင်းလင်းတင်ပြသည်။

သတ်မှတ်ကာလပြီးစီးရေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မိတ္ထီလာမြို့ရှောင်လမ်းကို စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

မိတ္ထီလာမြို့ရှောင်လမ်း ကန်တောင်–ပျဉ်သာလမ်းပိုင်း အရှည် လေးမိုင်ငါးဖာလုံကို ယုဇနဟိုက်ဝေးကုမ္ပဏီလီမိတက်က တာဝန်ယူဖောက်လုပ်လျက်ရှိပြီး လမ်းအူကြောင်း ရှာဖွေဖော်ထုတ် ရှင်းလင်းပြီးစီးပြီးဖြစ်သည်။ ပထမအဆင့်အနေဖြင့် ပေ ၅၀ အကျယ် လမ်းတာဖို့ခြင်းလုပ်ငန်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ နှစ်မိုင်ငါးဖာလုံ ပြီးစီးနေပြီဖြစ်သည်။

ဖြည့်စွက်တင်ပြ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်–မန္တလေးလမ်း မိတ္ထီလာမြို့အထွက် Toll Gate သို့ ရောက်ရှိကြရာ စီမံကိန်းတာဝန်ခံ ဦးမိုးသူက ရန်ကုန်–မန္တလေး ခြောက်လမ်းသွားလမ်း မိတ္ထီလာ–မန္တလေး လမ်းပိုင်းဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ မိတ္ထီလာမြို့ရှောင်လမ်း ဖောက်လုပ်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✡

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာအနီးရှိ သစ်တက်ကုန်းရေလွှဲဆည် ရေသောက်ဧရိယာ တိုးချဲ့ရေးစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မိတ္ထီလာက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မဲဇလီရေထုတ်ပြွန်အသစ်မှ ဆည်ရေသောက် ဧရိယာများသို့ ဤသို့ ရေပေးဝေလျက်ရှိသည်။

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၅)

၁၃၆၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ၏ ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့တွင်ပါရှိသော "မြို့နယ် ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့" ဆိုသည့် စကားရပ်ကို "မြို့နယ်မှတ်ပုံတင်အဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့် ဥပဒေ၏ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၁၀။ ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ မရွေ့မပြောင်းနိုင်သောပစ္စည်းကို မှတ်ပုံတင်ရန် ပျက်ကွက်မှု ရှိ မရှိ၊ မှတ်ပုံတင်ရာတွင် မှန်ကန်မှု ရှိ မရှိနှင့် ထိမ်ချန်မှု ရှိ မရှိတို့ကို သက်ဆိုင်သည့်မြို့နယ် မှတ်ပုံတင်အဖွဲ့က လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေးပြီး စုံစမ်းစစ်ဆေးတွေ့ရှိချက်ကို ခရိုင်အုပ်ချုပ်ရေးမှူးထံသို့ တင်ပြရမည်။"

၄။ မရွေ့မပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ၏ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်းအစားထိုးရမည် –

"၁၃။ပုဒ်မ ၈ သို့မဟုတ် ပုဒ်မ ၉ အရ မရွေ့မပြောင်းနိုင်သောပစ္စည်းကို မှတ်ပုံတင်ရန် တာဝန်ရှိသူ မည်သူမဆို မှတ်ပုံတင်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် မှတ်ပုံတင်ရာ၌ တမင် မမှန်မကန် ဖော်ပြကြောင်း သို့မဟုတ် ထိမ်ချန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် မရွေ့မပြောင်းနိုင်သော ပစ္စည်းကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။"

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရတာဝန်ယူခဲ့သော ကာလအတွင်း ၂၀၀၄ ခုနှစ် ဒီဇင်ဘာလအထိ ဆည်တမံပေါင်း ၁၆၉ ခု ဖွင့်လှစ်ပေးခဲ့ လယ်မြေစိုက်ပျိုးဧကပေါင်း ၂၅၈၈၄၆၉ ဧက အကျိုးပြုလျက်ရှိ

စုဆောင်းတင်ပြသူ – ကျော်ခိန်၊ ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ အမျိုးသားစီးပွားရေးဘဝ တိုးပွားခိုင်မာတောင့်တင်းစေရန်နှင့် တိုင်းရင်းသားပြည်သူများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားစေရန် ဘက်စုံကဏ္ဍစုံတွင် စေတနာအရင်းခံပြီး အားထုတ်ကြိုးပမ်း စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ဆည်တမံ ၁၆၉ ခုဖွင့်ပြီး

နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် တစ်မျိုးသားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် အမျိုးသားအဆင့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများသာမက ဒေသတစ်ခုချင်းအလိုက် ဒေသခံ ပြည်သူများအတွက် လက်တွေ့အကျိုးဖြစ်ထွန်းနိုင်စေမည့် ဖွံ့ဖြိုးရေးအစီအမံများကိုပါ စီစဉ်ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်အစိုးရတာဝန်ယူခဲ့သည့် ၁၉၈၈ ခုနှစ်မှ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ ဆည်မြောင်းတာတမံပေါင်း ၁၆၉ ခုကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

သမိုင်းကြောင်းဖြစ်စဉ် တိုးတက်မှုများကို လေ့လာ ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးကြ

ရာဇဝင်သမိုင်းကျမ်းကြီးများသည် မြန်မာလူမျိုးများအတွက် ဂုဏ်ယူဖွယ်၊ မြတ်နိုးဖွယ်၊ နှစ်သက်ဖွယ်များ ပြည့်လျှံနေသော သမိုင်းမှတ်တမ်းကြီးများပင် ဖြစ်သည်။

မြန်မာတိုင်းရင်းသားဟူသော လူမျိုး၊ မြန်မာနိုင်ငံဟူသော အချုပ်အခြာအာဏာပိုင် တိုင်းပြည်၊ မြန်မာ့ယဉ်ကျေးမှုဟူသော လူနေမှုဘဝသည် မည်သည့်ကာလက သန္ဓေတည်မွေးဖွားပြီး ရှင်သန်ကြီးထွား ရပ်တည်လာခဲ့သည်၊ လောကဓံတရားတို့ကို မည်သို့ကြုံ၍ မည်သို့ခုခံတွန်းလှန်ခဲ့သည်၊ မည်ကဲ့သို့ ဆက်လက်၍ တည်တံ့ရပ်တည်နေခဲ့သည်ဟူသော အကြောင်းများကို သိရှိနားလည် သဘောပေါက်မှသာ စစ်မှန်သော ဇာတိသွေး၊ ဇာတိမာန်တို့ ကိန်းအောင်းလာနိုင်မည် ဖြစ်သည်။

မြန်မာသမိုင်းကျမ်းများသည် ရှေးကတည်းက တည်ရှိခဲ့သည်။ နိုင်ငံတွင် ကျော်ကြားသည့် မြန်မာပညာရှင်များသည် ကြီးကျယ်ခမ်းနားသည့် သမိုင်းအချက်အလက်များကို ပြုစုခဲ့ကြသည်။ သူ့ကျွန်ဘဝရောက်ခဲ့သည့်အချိန်တွင် နယ်ချဲ့တို့သည် သမိုင်းသစ်များကို ယူဆောင်ခဲ့ကြပြန်သည်။ လက်အောက်ခံများကို ယဉ်ကျေးစေရန် ကြိုးပမ်းသည်ဆိုပြီး နယ်ချဲ့သမိုင်းများ နေရာယူလာခဲ့ကြသည်။

ကိုလိုနီခေတ်နှောင်းပိုင်းတွင် အမျိုးသားရေးစိတ်ဓာတ် ထွန်းကားသည့် မြန်မာ့သမိုင်း ရေးသားမှုများ ပေါ်ထွက်လာခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၅၅ခုနှစ်တွင် မြန်မာသမိုင်းအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ စိန်ခေါ်မှုမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် နိုင်ငံတော်ကြီးတွင် မြန်မာ့သမိုင်းကို ပြန်လည်ပြုစုခဲ့ကြသည်။ စိန်ခေါ်မှုများကြားက သမိုင်းရေးသားမှု နည်းသစ်များကို ဖော်ထုတ်ခဲ့ကြသည်။

မြန်မာသမိုင်းအဖွဲ့၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် နိုင်ငံတကာ စာတမ်းဖတ်ပွဲ၊ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၂ ရက်နေ့က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားရာ၌–

> **“မြန်မာသမိုင်းအဖွဲ့သည် မျိုးဆက်မပြတ်ဘဲ ယနေ့တိုင် ရှင်သန်နေကြောင်း၊ ယနေ့ဆောင်ရွက်နေသည့် အဖွဲ့ဝင်များသည် မူလအဖွဲ့ဝင်များ၏ တပည့်များနှင့်အတူ လုပ်ကိုင်ခဲ့ရသည့် လူငယ်များဖြစ်ကြောင်း၊ အနှစ်(၅၀)အတွင်းတွင် မြန်မာနိုင်ငံသည် အပြောင်းအလဲများစွာဖြင့် ကြုံခဲ့ရကြောင်း၊ စိန်ခေါ်မှုသစ်များကိုလည်း ရင်ဆိုင်ရကြောင်း၊ အဖွဲ့ဝင်များသည် ပညာရပ်ဆိုင်ရာ တာဝန်ရှိမှုစံများနှင့် စည်းကမ်းများကို တင်းကျပ်စွာလိုက်နာပြီး စိန်ခေါ်မှုများကို အပြုသဘောဖြင့် အစဉ်တုံ့ပြန်ခဲ့ကြကြောင်း”**

ပြောကြားသွားသည်။

ယခုအခါ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာနသည် မြန်မာ့သမိုင်း အထောက်အထားများနှင့် ပတ်သက်၍ အားထားရသော နေရာတစ်ခု ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ ပညာရှင်များ လေ့လာနိုင်ရန် အခြေလမ်းဖွင့်ပေးထားပြီး မြန်မာသမိုင်းပညာရှင်များ အထူးအကျိုးပြုသည့် နေရာဖြစ်သည်။ အဆိုပါဌာနသည် သမိုင်းပညာရပ်များနှင့်ပတ်သက်၍ အကျိုးဖြစ်ထွန်းစေရုံသာမက ပြည်သူများ မြန်မာ့သမိုင်းကို စိတ်ဝင်စားလာစေရန် ဆော်ဩပေးနိုင်ခဲ့သည်။

မြန်မာသမိုင်းအဖွဲ့သည် သမိုင်းရေးသားမှုအပေါ် ယုံကြည်ကိုးစားနိုင်ရန် အထောက်အထားစုဆောင်းမှုများကို အလေးပေး အားစိုက်ဆောင်ရွက်လျက် ရှိသည်။ ပွင့်လင်းရာသီတွင် ကျောက်စာ၊ မင်စာများ ရေးကူးခြင်း၊ တွေ့ရှိချက်အသစ်များ ပဏ္ဍာမလေ့လာခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ပေပုရပိုက်နှင့် သမိုင်းမှတ်တမ်းများကို မိုက်ကရိုဖလင်တင်ခြင်း၊ မြန်မာ့မှတ်တမ်းများရှိသည့် ပြည်ပစာကြည့်တိုက်၊ မော်ကွန်းတိုက်များသို့ သွားရောက်ကူးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများသည် မိမိတို့နိုင်ငံ၏သမိုင်းကို နားလည်သိရှိထားရမည် ဖြစ်သည်။ အဆက်ဆက်သော မြန်မာ့သမိုင်းပညာရှင်များ ပြုစုခဲ့ကြသည့် သမိုင်းကြောင်းဖြစ်စဉ်များကို ဖတ်ရှုလေ့လာ ဝေဖန်ဆန်းစစ်ပြီး မိမိနိုင်ငံနှင့် မိမိလူမျိုး ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ကြရမည် ဖြစ်ပေသည်။

သို့ဖြစ်ရာ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားပြီး မျိုးချစ်စိတ်ဓာတ် မြင့်မားသူများ ဖြစ်လာစေရန်အတွက် နိုင်ငံသူ နိုင်ငံသားအားလုံးက ခမ်းနားကြီးကျယ်ပြီး အချက်အလက်စုံလင်သော မြန်မာပညာရှင်များ ပြုစုသည့် သမိုင်းကြောင်းဖြစ်စဉ် တိုးတက်မှုများကို လေ့လာပြီး ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တနင်္သာရီဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေသည် ဇန်နဝါရီ ၉ရက်က မြိတ်မြို့သို့ရောက်ရှိပြီး နံနက်ပိုင်းတွင် ဒေသမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ တနင်္သာရီဒေသအတွင်း ဆောင်ရွက်လျက်ရှိသော နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

ဆက်လက်၍ ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဗိုလ်မှူးသက်နောင်နှင့် ဝန်ထမ်းများက ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို တင်ပြရာ လိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ညနေပိုင်းတွင် တနင်္သာရီမြို့သို့ရောက်ရှိပြီး ဒေသမှ တာဝန်ရှိသူများနှင့် ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် တနင်္သာရီမြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဇန်နဝါရီ ၁၀ ရက် ညနေပိုင်းတွင် ခမောက်ကြီးမြို့သို့ရောက်ရှိပြီး ဒေသမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးသည်။

စာအုပ်နှင့်ကျောင်းဝတ်စုံများထောက်ပံ့

ညွှန်ကြားရေးမှူးချုပ်သည် ဇန်နဝါရီ ၁၁ရက် နံနက်ပိုင်းတွင် ခမောက်ကြီး–မာရမ်းလမ်း အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် မာရမ်းနယ်စပ်ကျေးရွာသို့ရောက်ရှိပြီး မာရမ်း၊ ချောင်းလမု၊ အေးချမ်းသာရွာများမှ နယ်စပ်ဒေသဝန်ထမ်းများနှင့် ကျေးရွာမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးကာ မူလတန်းကျောင်းများအတွက် စာအုပ်နှင့်ကျောင်းဝတ်စုံများ ထောက်ပံ့သည်။

ဆက်လက်၍ မာရမ်း ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံ၏ မြန်မာ့ရုပ်မြင်သံကြား

မြဝတီ ရုပ်မြင်သံကြား

၁၄–၁–၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် English Literature 8 Drama (အင်္ဂလိပ်စာအထူးပြု)
၅း၃၀ ၉။ ပညာခေတ်
၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ **“ထူးခြားသောကလေးငယ်”** ကာတွန်းဇာတ်လမ်း
၆း၅၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“အင်တာနက်ချစ်သက်လျာ”** (အပိုင်း–၁)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြန်မာ့ရှုခင်း
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ရတနာသိုက်နှင့် ရန်နိုင်မား”** (အပိုင်း–၃၇)

တောင်ဥက္ကလာပ အ–ထ–က(၁)တွင် ၁၉၅၉ခုနှစ်မှ၁၉၈၅ခုနှစ်အထိပညာသင်ပေးခဲ့ကြသော ဆရာကြီး ဆရာမကြီးများအား တပည့်ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ရက်က အဆိုပါကျောင်း သီရိရတနာခန်းမဆောင်၌ ကျင်းပစဉ်။ (က–ပ)

ထုတ်လုပ်မှုလျာထားချက်ပြည့်မီရေး ကြိုးပမ်း စက်ပစ္စည်းအစိတ်အပိုင်းအရည်အသွေးပြည့်မီစွာထုတ်လုပ်

ရန်ကုန် ဇန်နဝါရီ ၁၃

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၈ ရက်တွင် ပဲခူးတိုင်း(အနောက်) ပန်းတောင်းမြို့နယ်ရှိ မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၁)လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဆင်တဲ)သို့ ရောက်ရှိ၍ စက်ရုံရှင်းလင်းဆောင်၌ ကြီးကြပ်တာဝန်ခံ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ရှေးဦးစွာ စက်ရုံအထွေထွေမန်နေဂျာ ဦးခင်ဇော်က စက်ရုံ၏ကုန်ထုတ်လုပ်မှုအခြေအနေ၊ ရောင်းချမှုအခြေအနေနှင့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်၏ ကျန်ရှိသည့် ကာလတွင် ထုတ်လုပ်မှုလျာထားချက်ပြည့်မီစေရေးအတွက် အရှိန်အဟုန်ဖြင့် ထုတ်လုပ်ရေး၊ ဝန်ထမ်းအဆင့်ဆင့်က တာဝန်ကို ကြိုးပမ်းဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ် မဖြစ်ပွားစေရန် ကြပ်မတ်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ခင်းကျင်းပြသထားသော စက်ရုံမှ ထုတ်လုပ်သည့် စက်ပစ္စည်းအစိတ်အပိုင်းများနှင့် တီထွင်ထုတ်လုပ်ထားသည့် လက်ရိတ်ကောက်ရိတ်စက် အစိတ်အပိုင်းများနှင့် လက်ရိတ်ကောက်ရိတ်စက် စမ်းသပ်မှုကို ကြည့်ရှုစစ်ဆေးပြီး လက်ရိတ်ကောက်ရိတ်စက်ကို လယ်ယာလုပ်ငန်းခွင်တွင် လက်တွေ့စမ်းသပ်ရေးနှင့် ပုံမှန်ထုတ်လုပ်နိုင်ရေးအတွက် ကြိုတင်စီမံထားရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် သံရည်ကျိုအလုပ်ရုံတွင် လုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်လျက်ရှိသည့် လျှပ်စစ်ဂျင်နရေတာ ထုတ်လုပ်မှုအလုပ်ရုံကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၉ ရက်တွင် မကွေးတိုင်း မင်းလှမြို့နယ်ရှိ မြန်မာ့လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၂)လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှု စက်ရုံ(မလွန်)သို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်၌ ဝန်ကြီးက ထုတ်လုပ်မှုလျာထားချက် ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ စက်ပစ္စည်းအစိတ်အပိုင်းများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ရေး၊ မီးဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့နှစ်မျိုးသုံး လယ်ထွန်စက် စမ်းသပ်ပြောင်းလဲတပ်ဆင်မှုများနှင့် စမ်းသပ်မောင်းနှင်မှုတို့ကိုလည်းကောင်း၊ သံပုံထောင်းအလုပ်ရုံကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သဘာဝဓာတ်ငွေ့သုံးအဖြစ် ပြောင်းလဲထားသော လယ်ယာသုံးစက်ပစ္စည်းများကို သေချာစွာစမ်းသပ်ရေး၊ လျှပ်စစ်နှင့်စက်သုံးဆီများကို အလေအလွင့်မဖြစ်စေရန် ကြပ်မတ်သုံးစွဲရေးတို့ကိုမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊
* တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊
* ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဒို့ကျေးရွာဂျာနယ်

အတွဲ(၂)၊ အမှတ်(၂) ထွက်နေပြီ

ရန်ကုန် ဇန်နဝါရီ ၁၃



နိုင်ငံတော်ဖွံ့ဖြိုးရေးတွင် ကျေးလက်သည် အခြေခံအကျဆုံးဖြစ်သည်။ ကျေးလက်ဖွံ့ဖြိုးရေးအတွက် ကျေးလက်နေပြည်သူများ ခေတ်နှင့်အညီအသိပညာဗဟုသုတ ဖွံ့ဖြိုးစေလိုသည်။ ဤကွက်လပ်ကို ဖြည့်ဆည်းပေးရန် ဒို့ကျေးရွာဂျာနယ်ကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁ ရက်တွင် စတင်ထုတ်ဝေခဲ့သည်။ ယခုအခါ အတွဲ(၂)၊ အမှတ်(၂)အထိ ရောက်ရှိနေပြီဖြစ်သည်။ **(အပေါ်ပုံ)** ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊အမှတ်(၂)တွင် ကျေးလက်ပြည်သူများအတွက် စပါးခင်းများအတွင်း ငါးထည့်သွင်းမွေးမြူခြင်း၊ ချဉ်ပေါင်လျှော် တိုးချဲ့စိုက်ပျိုးရေး၊ အကျိုးများတဲ့ သခွားမွေး၊ ထွက်နှုန်းကောင်း ပဲပုပ်မျိုးသစ်များ၊ တိုင်းရင်းကြက်များကို စနစ်တကျ မွေးမြူကြစို့ ၊ ကျေးလက်တောင်သူတို့ စကားသံစသည့် ဆောင်းပါးများအပြင် ဝတ္ထုတို၊ ဟာသ၊ ကာတွန်း၊ ရုပ်ရှင်၊ ကုန်ဈေးနှုန်း၊ မိုးလေဝသ၊ ဗေဒင်နှင့် အခြားဗဟုသုတရဖွယ် ကဏ္ဍများကို ဝေဝေဆာဆာထည့်သွင်းထားသည်။ ဒို့ကျေးရွာဂျာနယ် စာမူများနှင့် ကြော်ငြာများကို အမှတ် ၃၀–၃၂၊ ၁၀လမ်း လမ်းမတော်မြို့နယ် ဖုန်း–၃၇၁၃၄၂၊ ၂၅၂၄၅၂၊ ၃၇၉၇၆၈ ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(က–ပ)**

အရှင်အာစာရာလင်္ကာရ တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက် သစ်ကျောင်းတိုက်ကြီးက နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်သည် ဇန်နဝါရီ ၁၄ ရက်ညနှင့် ၁၅ ရက် နေ့လယ်ပိုင်းတွင် မကွေးတိုင်း မင်းဘူးမြို့နယ် သနပ်ပင်စုရွာ ကျောင်းရေစက်ချပွဲ၊ ၁၅ ရက်ညတွင် မကွေးမြို့ပေါ် ဓမ္မာရုံတော်ကြီးဖွင့်လှစ်ပွဲ၊ ၁၆ ရက်တွင် မင်္ဂလာတောင်ညွန့် ဖို့မြေဓမ္မာရုံ၊ ၁၇ ရက်နှင့် ၁၈ ရက်တွင် သာကေတ ၃/ မာန်ပြေမာရဝိဇယဓမ္မာရုံ၊ ၁၉ရက်တွင် တာမွေကျောက်မြောင်း ကျားကွက်သစ်ဣန္ဒာသယလမ်း၊ ၂၀ရက်တွင် ကျုံပျော်မြို့ မဟာပုညရုံသီဘုရားပွဲ၊ ၂၁ ရက်နှင့် ၂၂ရက်များတွင် ကွမ်းခြံကုန်းမြို့နယ် ဒေးဒနေ‌ာရွာ၊ ၂၃ ရက်တွင် သုံးခွမြို့ ရှစ်မြှောင့်စေတီ ဗုဒ္ဓလမ်းစဉ်ဓမ္မသဘင်၊ ၂၄ ရက်နှင့် ၂၅ ရက်တွင် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကမ်းခြေရွာ၊ ၂၉ ရက်တွင် လှိုင်(၁၁)သဟာပုညကာရီ ဆွမ်းလောင်းအောင်ပွဲ၊ ၃၀ရက်တွင် သာကေတ ၃/မာန်ပြေမာရဝိဇယဓမ္မာရုံ၊ ၃၁ ရက်နှင့် ဖေဖော်ဝါရီ ၁ရက်၊ ၂ရက်နှင့် ၃ ရက်များတွင် ကွမ်းခြံကုန်းမြို့နယ် ဦးပေါ်ဦးဘုရားနှင့် မဲဇလီရွာတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံကုမ္ပဏီဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံမှ Shin Satellite Co., Ltd. ဥက္ကဋ္ဌ Dr. Nong Luck Phinainitisart နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။ ယင်းသို့တွေ့ဆုံရာတွင် ပြန်ကြားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၄–၁–၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈း၀၀ ၆။ အတီးပြိုင်ပွဲ
- ၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၈း၂၀ ၈။ တံငါတံတား
- ၈း၃၀ ၉။ International News
- ၈း၄၅ ၁၀။ English for Everyday Use
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆း၃၀ ၃။ Demonstration Exercises for Correct Pronunciation
- ၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
- ၁၇း၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇း၃၀ ၇။ အကပြိုင်ပွဲ
- ၁၇း၃၅ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၁၇း၄၅ ၉။ ဂီတမဟာပျော်စရာ
- ၁၈း၀၀ ၁၀။ မြန်မာစာ၊ မြန်မာစကား
- ၁၈း၁၀ ၁၁။ Discovery
- ၁၈း၂၀ ၁၂။ တေးဂီတအစီအစဉ်
- ၁၈း၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉း၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **“လူချွန်လူကောင်း”** (အပိုင်း–၄၆)
- ၁၉း၃၀ ၁၆။ နှောင်းခေတ်တေးပဒေသာ
- ၁၉း၄၅ ၁၇။ “အထွက်နှုန်းကောင်း မြစိမ်းရောင်စပါး”
- ၂၀း၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ မြန်မာ့ဗီဒီယိုဇာတ်လမ်း **“ကောင်းကင်ကို ခေါင်းတင်လို့မေးလိုက်ချင်” အပိုင်း(၂)** နိုင်းနိုင်း၊ နန္ဒာလှိုင် ဒါရိုက်တာ–မောင်မောင်ဦး (စနိုးပိုက်)
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

မေတ္တာစမ်းရည်မဂ္ဂဇင်းအတွက် စာမူများပေးပို့နိုင်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ‘မေတ္တာစမ်းရည်’ မဂ္ဂဇင်းအတွဲ ၁၊ အမှတ် ၄ အတွက် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၆ ရက် မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ‘မေတ္တာစမ်းရည်’ မဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများသည် မိမိနှစ်သက်ရာ ကဏ္ဍများကို ရေးသားပြီး ဒေါက်တာဒေါ်တင်လင်းမြင့်(တာဝန်ခံစာတည်း) ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း သံသုမာလမ်းနှင့် ပါရမီလမ်းထောင့် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့သို့ ဖေဖော်ဝါရီ ၇ ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ I C T ရက်သတ္တပတ်

၂၀၀၅ ခုနှစ်

(၂၁–၁–၂၀၀၅) ရက်မှ (၂၇–၁–၂၀၀၅) ရက်အထိ

MICT Park၊ ရန်ကုန်မြို့။

ဂွမ်တာနာမို အကျဉ်းစခန်းမှ အမေရိကန်စကားပြန် လျှို့ဝှက်စာရွက်စာတမ်းများ တရားမဝင်သယ်ဆောင်ဟု ဝန်ခံထွက်ဆို

ဘော့စတွန် ဇန်နဝါရီ ၁၃

သင်္ကာမကင်းသော နိုင်ငံခြားသားအကြမ်းဖက်သမားများကို ချုပ်နှောင်ထားသည့် ဂွမ်တာနာမို အကျဉ်းစခန်း၌ စကားပြန်လုပ်သူ အမေရိကန် အရပ်သားတစ်ဦးက လုံခြုံရေးအဆင့် သတ်မှတ်ထားသော စာရွက်စာတမ်းများကို တရားမဝင်သယ်ဆောင်မှုနှင့် ထိုကိစ္စအတွက် လိမ်ညာပြောဆိုမှု အတွက် အပြစ်ရှိကြောင်း တနင်္လာနေ့က ဝန်ခံထွက်ဆိုခဲ့သည်။

ပြစ်ဒဏ်ပေးခြင်းခံရမည်

အီဂျစ်နိုင်ငံရှိ မိသားစုထံ သွားရောက်လည်ပတ်ခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုသို့ ပြန်လာခဲ့သော အီဂျစ်လူမျိုး အမေရိကန်နိုင်ငံသား အာမတ်ဖာသီမီဟာဘာထံမှ လျှို့ဝှက်စာရွက်စာတမ်း ၇၂၅ခု ထည့်သွင်းထားသော ဒစ်(စ)ပြားတစ်ချပ်ကို ဘော့စတွန်လိုဂန် လေဆိပ် အရာရှိများက ရှာဖွေတွေ့ရှိခဲ့သည်။ မီဟာဘာသည် ကနဦး၌ ထိုဖိုင်နှင့် ပတ်သက်၍ မိမိဘာမှမသိကြောင်း၊ လျှို့ဝှက်ဆိုသော အဓိပ္ပာယ် ဖွင့်ဆိုချက်ကို မိမိမသိခဲ့ကြောင်း လိမ်ညာပြောဆိုခဲ့သည်ဟု အစိုးရရှေ့နေများက ပြောကြားသည်။ မီဟာဘာအား ဖမ်းဆီးရမိသည့် အချိန်ကစပြီး အကျဉ်းချထားခဲ့ရာ ပြစ်မှုအတွက် ထောင်၁၀နှစ်ထိ ပြစ်ဒဏ်ပေးခြင်းခံရမည်ဖြစ်သည်။ လာမည့်မတ်လ၇ရက်၌ ၎င်းအား ပြစ်ဒဏ်စီရင်ချက် ချမှတ်မည်ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ပေါ်တူဂီသမ္မတ၏ တရုတ်ပြည်ခရီး နှစ်နိုင်ငံပူးပေါင်းမှု မြှင့်တင်နိုင်မည်ယုံကြည်

လစ်ဘွန်း ဇန်နဝါရီ ၁၃

ပေါ်တူဂီနိုင်ငံနှင့်တရုတ်ပြည်အကြား ဆက်ဆံရေးသည် ထွန်းလင်း တောက်ပသော အလားအလာများရှိပြီး တရုတ်ပြည်သို့မိမိအလည်အပတ်ခရီး သွားရောက်အံ့ဆဲဆဲ ခရီးစဉ်သည် နိုင်ငံရေး၊ စီးပွားရေးနှင့် အခြားကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်လိမ့်မည်ဖြစ်ကြောင်း ပေါ်တူဂီသမ္မတဂျော့ဆမ်ပါယိုက ပြောကြားသည်။

အလည်အပတ်ခရီး၏ အဓိကရည်ရွယ်ချက်သည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းများတွင်ပူးပေါင်းဆောင်ရွက်ရေး ကျယ်ပြန့်စေမှုများအတွက် အားမာန်သစ်များဖြည့်ဆည်းပေးရန်ဖြစ်ကြောင်းအင်္ဂါနေ့ကရုစ်ရက်ကြာတရုတ်ပြည်ခရီးစတင်ခဲ့သည့် ဆမ်ပါယိုက ဆင်ဟွာနှင့် တွေ့ဆုံမေးမြန်းရာတွင် ဖြေကြားပြောဆိုသည်။

ပြောကြား

ကြီးမားသော တိုင်းပြည်တစ်ပြည်အဖြစ် တရုတ်ပြည်သည် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု များတွင် ၂၁ရာစု၌ အရေးကြီးသော အနေအထားမှ ပါဝင်ဆောင်ရွက်လျက်ရှိပြီး ပေါ်တူဂီသည် ယဉ်ကျေးမှုနှင့် နည်းပညာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် မျှော်လင့်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အောင်မြင်ခဲ့

နှစ်နိုင်ငံ ဆက်ဆံရေးသည် သံတမန် ထူထောင်ခဲ့စဉ်ကတည်းက အလွန်ပင် ပြေပြစ်ချောမွေ့စွာ ဖွံ့ဖြိုးတိုးတက်ခဲ့ပြီး မကာအိုအား လွှဲပြောင်းပေးအပ်ရေး စေ့စပ်ဆွေးနွေးမှုမှာ အောင်မြင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တောင်အမေရိက၌ မိုးသည်းထန်စွာရွာသွန်း လူများစွာသေဆုံးပြီး အိုးမဲ့အိမ်မဲ့ဖြစ်

ဗျူနိုအေရီ ဇန်နဝါရီ ၁၂

အလယ်ပိုင်းအမေရိကနှင့် တောင်အမေရိကတို့တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူများစွာသေဆုံးပြီး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြရသည်ဟု တာဝန်ရှိသူများက တနင်္လာနေ့၌ ပြောကြားသည်။

သေဆုံး

မိုးသည်းထန်မှုကြောင့် အာဂျင်တီးနားနိုင်ငံ၌ လူခုနစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ လေပြင်းများနှင့်အတူ တိုက်ခတ်ခဲ့သည့် မုန်တိုင်းကြောင့် လျှပ်စစ်ဓာတ်အားပေးမှု ပြတ်တောက်သွားခဲ့ပြီး အာဂျင်တီးနားနိုင်ငံ တူကူမန်နှင့်ကော်ဒိုဘာပြည်နယ်များ၌ လမ်းများ ရေလွှမ်းမိုးခဲ့သည်။

ရွှေ့ပြောင်း

လူ ၅၀၀ခန့်ကို ခိုလှုံရေးစခန်းများသို့ တနင်္ဂနွေနေ့၌ ၎င်းတို့၏ နေအိမ်များမှနေ၍ ရွှေ့ပြောင်းပေးခဲ့ရပြီး နောက်ထပ်လူ ၅၀၀မှာ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာခဲ့ကြရသည်ဟုဆိုသည်။ ဗင်နီဇွဲလားနိုင်ငံ ဗာဂက်စ် ဖော်လ်ကန်နှင့် ယာရာကူ ပြည်နယ်များ၌ လူသုံးဦးသေဆုံးခဲ့ပြီး လူ ၃၂၈ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရသည်ဟု အရာရှိတစ်ဦးကပြောကြားသည်။ မိုးသည်းထန်စွာ ရွာသွန်းသည့်ဒဏ်ကို ဗာဂက်စ်ပြည်နယ်မှာ အဆိုးရွားဆုံးခံရကြောင်း ပြည်သူ့ကာကွယ်ရေးဌာန ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး အန်တိုနီယိုရီဗီရိုကပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

သရက်သီးများ ရောင်းချ

ကွန်ဂို ပြည်သူ့ ဒီမိုကရက်တစ် သမ္မတ နိုင်ငံ ကင်ရှာဆာမြို့ရှိ ဈေးတစ်ခုတွင် သရက်သီးများ ရောင်းချ နေသည်ကို ဇန်နဝါရီ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ယူကရိန်းတပ်ဖွဲ့ဝင်များ အီရတ်မှရုပ်သိမ်းရန် သမ္မတလီယိုနစ်ကူချမာ အမိန့်ထုတ်ပြန်

ကီအယ်ဗ် ဇန်နဝါရီ ၁၂

ရာထူးမှနုတ်ထွက်တော့မည့် ယူကရိန်းသမ္မတ လီယိုနစ်ကူချမာက ၂၀၀၅ခုနှစ်၏ နှစ်ဝက်အတွင်း အီရတ်နိုင်ငံမှနေ၍ ယူကရိန်း တပ်ဖွဲ့ဝင် ၁၆၀၀ ရုပ်သိမ်းရေးအစီအစဉ်များ ရေးဆွဲရန် တနင်္လာနေ့၌ အမိန့်ထုတ်ပြန်လိုက်သည်။

အမိန့်ထုတ်

တနင်္ဂနွေနေ့၌ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားရာတွင် ယူကရိန်းတပ်ဖွဲ့ဝင် ရှစ်ဦးသေဆုံးခဲ့ပြီးနောက် ပြုလုပ်သော အရေးပေါ်အစည်းအဝေးတွင် ထိုသို့အစီအစဉ်များ ရေးဆွဲနိုင်ရန် နိုင်ငံခြားရေးနှင့်ကာကွယ်ရေးဝန်ကြီးများကို ကူချမာက အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဦးစားပေး

ကူချမာသည် သမ္မတအဖြစ် ရွေးချယ်ခြင်းခံရသူ ဗစ်တာယူရှန်ကိုအား ယခုလ၌ သမ္မတတာဝန်များ လွှဲပြောင်းပေးရမည်ဖြစ်ပြီး ဗစ်တာယူရှန်ကိုက မိမိသမ္မတအဖြစ် စတင်ထမ်းရွက်သည်နှင့် တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကို ဦးစားပေး ဆောင်ရွက်မည်ဟု ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

တီကရစ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အိမ်တစ်အိမ်အတွင်း စီးနင်းဝင်ရောက်ပြီးနောက် အီရတ်တစ်ဦးအား ဖမ်းဆီးထားသည်ကို ဇန်နဝါရီ ၁၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



ဘဂ္ဂဒက် ဇန်နဝါရီ ၁၂

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။

ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် ယနေ့တိုင် အီရတ်နိုင်ငံ၌ သေဆုံး ဒဏ်ရာရလျက်ရှိကြသည်။

ထုတ်ပြန်

ဇန်နဝါရီ ၁၁ရက် အင်္ဂါနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၃၅၆ဦး ရှိသွားပြီ ဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၁၀၆၈ ဦးမှာ တိုက်ပွဲ၌သေဆုံးခဲ့ကြသည်။

သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၇၆ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခုနစ်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ၁၆ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြား နှစ်ဦး၊ အက်စ်တိုးနီးယားနှင့် နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ ဟန်ဂေရီ၊ လတ်ဗီးယားနှင့် ကာဇက်ကစ္စတန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

ဇန်နဝါရီ ၁၁ရက်အထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၃၅၆ ဦး ရှိပြီ

ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၂၁၈ ဦးဖြစ်ပြီး ယင်းအနက် ၉၅၉ဦးမှာ တိုက်ပွဲ၌ သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်ငွေကြေးဘဏ်ကတ်ပြား ကိုင်ဆောင်ထားသူများ

တောင်ကိုရီးယား၊ ထိုင်းနှင့်စင်ကာပူနိုင်ငံတို့တွင် သုံးစွဲခွင့်ရရှိမည်

ပေကျင်း ဇန်နဝါရီ ၁၁

တရုတ်ငွေကြေးဘဏ်ကတ်ပြားများကို ကိုင်ဆောင်ထားသူများသည် တောင်ကိုရီးယား၊ ထိုင်းနှင့်စင်ကာပူနိုင်ငံတို့တွင် ဈေးဝယ်ခြင်း၊ ညစာစားခြင်း၊ ခရီးသွားခြင်းနှင့်ဆေးကုသမှုများအတွက် ငွေရှင်းရာတွင် ပေးဆောင်နိုင်ကြောင်း တရုတ်ဘဏ်လုပ်ငန်းလုပ်ကိုင်သူများက ပြောကြားသည်။

ယင်းသို့ တရုတ်ငွေကြေးဘဏ်ကတ်ပြားများကို တရုတ်နိုင်ငံပြင်ပ၌ အသုံးပြု ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်ဟုဆိုသည်။ ယင်းဆောင်ရွက်ချက်သည် တရုတ်နိုင်ငံ၏ ငွေကြေးစနစ်ကို တရုတ်နိုင်ငံက ဖြည်းဖြည်းချင်း ဖွင့်ပေးရာတွင် လည်းကောင်း၊ ရင်မင်ဘီ(အာရ်အမ်ဘီ)သို့မဟုတ် တရုတ်ငွေကြေးကို ပြောင်းလဲရာတွင် တိုးတက်စေမည့်နောက်ထပ် ဆောင်ရွက်ချက်ဖြစ်ကြောင်း တရုတ် ဘဏ်လုပ်ငန်းရှင်များကပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် ဟောင်ကောင်နှင့်မကာအိုတို့၌ ပုဂ္ဂလိကသုံးစွဲမှုအတွက် ငွေပေးချေရန် လွန်ခဲ့သည့် နှစ်နှစ်တွင် တရုတ်ပြည်သူ့ဘဏ်ကခွင့်ပြုခဲ့ပြီးနောက် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ယင်းကတ်များကို ကိုင်ဆောင်ထားသူများ လုံခြုံစိတ်ချမှုရှိစေရန် လုပ်ဆောင်ရာတွင်၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်၌ ယင်းကတ်ကိုအာရှသုံးနိုင်ငံတွင် သုံးစွဲခွင့်ပြုရန်ဆုံးဖြတ်ခဲ့ကြောင်း တရုတ်ပြည်သူ့ဘဏ်က ကြေညာခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

ဇီဝဆေးပညာသုတေသနအတွက် စင်ကာပူ၌ ငွေကြေးပိုမိုထောက်ပံ့

စင်ကာပူ ဇန်နဝါရီ ၁၁

တက္ကသိုလ်များ၊ ဆေးရုံများနှင့် ရောဂါဌာနများတွင် လုပ်ငန်းဆောင်ရွက်မှု အထောက်အကူဖြစ်စေရန် ဇီဝဆေးပညာသုတေသီများအတွက် ငွေကြေးရန်ပုံငွေကို စင်ကာပူအဖွဲ့အစည်းများက ပိုမိုခွဲဝေသတ်မှတ်ထားကြောင်း သိရသည်။

ထိုသို့ ဇီဝဆေးပညာသုတေသီများကို အထောက်အကူပြုရန်အတွက် သိပ္ပံ၊ နည်းပညာနှင့်သုတေသနအေဂျင်စီနှင့် ဇီဝဆေးပညာသုတေသနကောင်စီတို့က စင်ကာပူဒေါ်လာ ၄၈သန်း (အမေရိကန်ဒေါ်လာ ၂၉ သန်းခန့်) နှင့် စင်ကာပူဒေါ်လာ သန်း ၅၀ (အမေရိကန်ဒေါ်လာ သန်း ၃၀ခန့်) အသီးသီး ကတိပြုထားကြောင်း လူထုဆက်သွယ်ရေးက တနင်္လာနေ့၌ သတင်းဖော်ပြသည်။

ဇီဝဆေးပညာသုတေသနစီမံကိန်း ၇၄ခုသည် တစ်နှစ်မှ ငါးနှစ်အထိ အတွက် စင်ကာပူဒေါ်လာ ၂၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၁၅၂၀၀၀ခန့်)မှ စင်ကာပူဒေါ်လာ သုံးသန်း(အမေရိကန်ဒေါ်လာ ၁ဒသမ ၈သန်း) ရမည်ဖြစ်သည်။

အဆိုပါ စီမံကိန်းများသည် ကင်ဆာ၊ ဦးနှောက်၊ နှလုံးရောဂါ အပြင် ကူးစက်ရောဂါများ အကျုံးဝင်ကြောင်း သိရသည်။ ဇီဝဆေးပညာ သုတေသနကောင်စီသည် စီမံကိန်း ၁၈၉ခုကို အထောက်အကူပေးရန် ၂၀၀၁ ခုနှစ်မှစပြီး စင်ကာပူဒေါ်လာ ၁၅၆သန်း (အမေရိကန်ဒေါ်လာ ၉၅သန်းခန့်)ထောက်ပံ့ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

လက်မှု အနုပညာပစ္စည်း

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ဆိုင်တစ်ဆိုင်တွင် ကြိုးများဖြင့် ပြုလုပ်ထားသော လက်မှုအနုပညာပစ္စည်းများကို ဇန်နဝါရီ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံတိုကျိုမြို့ရှိ နစ်ဆန်းကားထုတ်လုပ်ရေးစက်ရုံ၌ လျှပ်စစ်နှင့် ဓာတ်ဆီ နှစ်မျိုး အသုံးပြုမောင်းနှင်နိုင်သည့် ကားများထုတ်လုပ်လျက်ရှိသည်ကို ဇန်နဝါရီ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



နိုင်ငံတကာ သတင်းများ

ဆင်းရဲနွမ်းပါးမှု လျော့နည်းစေရေး စိုက်ပျိုးရေးကဏ္ဍ ပြုပြင်ပြောင်းလဲရန်အရေးကြီး

ဝါရှင်တန် ဇန်နဝါရီ ၁၁

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကျေးလက်ဒေသများ၌ နေထိုင်ကြသော ဆင်းရဲနွမ်းပါးသူ ၇၀ ရာခိုင်နှုန်း ဆင်းရဲနွမ်းပါးမှုလျော့နည်းစေရန် စိုက်ပျိုးရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးသည် အရေးကြီးမည်ဖြစ်ကြောင်း တနင်္လာနေ့က ထုတ်ပြန်သောကမ္ဘာ့ဘဏ်အစီရင်ခံစာ၌ ဖော်ပြထားသည်။

ကမ္ဘာလုံးဆိုင်ရာစိုက်ပျိုးရေးကုန်သွယ်မှုနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အစီရင်ခံစာ၌ ဂျီနီဗာတွင်ဖွဲ့စည်းမှုအခြေခံသဘောတူညီချက်ကို မကြာသေးမီက ရရှိခဲ့လင့်ကစား စိုက်ပျိုးရေးကဏ္ဍ အကာအကွယ်ပေးမှုသည် ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေး ဆွေးနွေးမှု၌ ဆက်လက်အရေးပါဆုံးကိစ္စရပ်ဖြစ်ကြောင်း ဖော်ပြထားသည်။

စက်မှုနိုင်ငံများတွင် စိုက်ပျိုးရေးကဏ္ဍ၌ မြင့်မားသော အကာအကွယ်ပေးမှုသည် ၂၀၀၃ ခုနှစ် ကန်ကွန်ဝန်ကြီးအဆင့် အစည်းအဝေးကို ပျက်ပြားစေသည့် အဓိကအကြောင်းရင်းဖြစ်သည့်အပြင် ကမ္ဘာလုံးဆိုင်ရာ ဒိုဟာကုန်သွယ်မှုဆွေးနွေးပွဲ၌ ထူးခြားထင်ရှားသော အဓိကပြဿနာများအတွင်း ပါဝင်မြဲဖြစ်ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ယင်းတို့၏ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှု တိုးမြှင့်စေရန် ရင်းနှီးမြှုပ်နှံကြသော်လည်း စက်မှုနှင့် အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံအချို့က စိုက်ပျိုးရေးကုန်သွယ်မှု အကာအကွယ်ပေးခြင်းကို မလျှော့လျှင် ထိုရင်းနှီးမြှုပ်နှံမှုသည် ဆင်းရဲနွမ်းပါးမှုကို အပြည့်အဝလျော့စေမည် မဟုတ်ကြောင်းလည်း အစီရင်ခံစာ၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အရှေ့အာဖရိကနိုင်ငံများမှ ကိုယ်စားလှယ်များ ယူဂန္ဓာနိုင်ငံတွင် ရေနံကိစ္စဆွေးနွေးကြမည်

ကမ်ပါလာ ဇန်နဝါရီ ၁၁

ယူဂန္ဓာနိုင်ငံ ကမ်ပါလာမြို့တွင် လာမည့်မတ်လ ၂ ရက်မှ ၄ ရက်အထိ ကျင်းပမည့် ဒေသဆိုင်ရာရေနံလုပ်ငန်း အလားအလာနှင့် ပတ်သက်သည့် ဆွေးနွေးပွဲတစ်ရပ်သို့ အရှေ့အာဖရိကနိုင်ငံများမှ ကိုယ်စားလှယ် ၃၀၀ခန့် တက်ရောက်ကြမည်ဖြစ်ကြောင်း ပြည်တွင်းသတင်းတစ်ရပ်က တနင်္လာနေ့တွင် ဖော်ပြသည်။

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံတကာဆိုင်ရာ ရေနံစီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်တွင်းရေနံစီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်များလည်း ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း ယူဂန္ဓာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနမှ အကြီးအကဲတစ်ဦးဖြစ်သူ အီရာနက်ရှုဘွန်ဒိုက ပြောကြားသည်။

ပြည်သူများအနေဖြင့် ဒေသ၏ ရေနံအခြေအနေနှင့် ပတ်သက်၍ သိမြင်နားလည်မှုများ တိုးတက်စေချင်ကြောင်းလည်း ၎င်းကပြောကြားသည်။

လေ့လာ

ယူဂန္ဓာနိုင်ငံ၏ အနောက်ဘက် ဒေသရှိ ဆမ်လစ်စ်တောင်ကြားတွင် ရေနံထွက်ရှိမှုကို အမေရိကန်ဒေါ်လာ သန်း ၄၀အကုန်အကျခံကာ လေ့လာစူးစမ်းမှုများ ပြုလုပ်နေကြောင်းလည်း ယူဂန္ဓာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အရှေ့အာဖရိက သုံးနိုင်ငံအနေဖြင့် နှစ်စဉ်အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ဖိုး ရေနံတင်သွင်းနေရကြောင်း၊ ယင်းတို့တွင် ယူဂန္ဓာနိုင်ငံက နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၁၆၀ဖိုး၊ တန်ဇန်းနီးယားနိုင်ငံက အမေရိကန်ဒေါ်လာ သန်း၃၂၀ဖိုးနှင့် ကင်ညာနိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၆၅၀ဖိုး တင်သွင်းနေရကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် ကင်ညာသမ္မတ မွိုင်ကီဘာကီ တိုက်တွန်း

နိုင်ရိုဘီ ဇန်နဝါရီ ၁၁

အရှေ့အာဖရိကနိုင်ငံ ကင်ညာနှင့်တရုတ်နိုင်ငံကြားရှိပြီးဖြစ်သော နှစ်နိုင်ငံ ဆက်ဆံရေးကို တိုးမြှင့်သွားရန်အတွက် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ရန် ကင်ညာသမ္မတ မွိုင်ကီဘာကီက တိုက်တွန်းလိုက်သည်။

တနင်္လာနေ့တွင် နိုင်ရိုဘီမြို့ရှိ အစိုးရညှော့ဂေဟာ၌ တရုတ်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး လူဂူအိုကျန်နှင့် အစည်းအဝေးပြုလုပ်စဉ် ကီဘာကီက တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုမှ အကျိုးဖြစ်ထွန်းစေနိုင်သည့် လုပ်ငန်းနယ်ပယ်အဖြစ် ကင်ညာနိုင်ငံ၏ လမ်းလုပ်ငန်းကွန်ရက် တိုးတက်မှုကို ထုတ်ဖော်ပြောကြားခဲ့သည်။

မိမိတို့နိုင်ငံ၏ လမ်းများ ဖွံ့ဖြိုးတိုးတက်မှုတွင် တရုတ်နိုင်ငံ ပါဝင်ဆောင်ရွက်ခြင်းကို မိမိတို့ကြိုဆိုကြောင်း၊ ကင်ညာနိုင်ငံ တစ်နိုင်ငံတည်းသာမက ဒေသတစ်ခုလုံးတွင် အဆိုပါလမ်းလုပ်ငန်းနှင့် ပတ်သက်၍ အခွင့်အလမ်းများရှိကြောင်း ကီဘာကီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြည်ပမှအစားအစာ ပိုမိုတင်သွင်းခဲ့ရ

ဒါကာ ဇန်နဝါရီ ၁၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြီးခဲ့သည့်နှစ် ငါးလတာကာလတွင် ဆန်ကဲ့သို့သော တင်သွင်းကုန်များကို ပိုမိုတင်သွင်းခဲ့ရကြောင်း ပြည်တွင်းသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယင်းကဲ့သို့ ပြည်တွင်းတင်သွင်းကုန်များတိုးတက်များပြားမှုကြောင့် ငွေကြေးပေးချေမှုများလည်း ပိုမိုများပြားလာခဲ့ကြောင်း မကြာမီကာလများတွင် ပြည်တွင်းသို့ ဆန်တင်သွင်းမှု ၈၄ဒသမ ၃ရာခိုင်နှုန်း၊ ဂျုံနှင့်အခြားသီးနှံများလည်း ၈၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၆၈ ဒသမ ၃ရာခိုင်နှုန်းများတင်သွင်းခဲ့ကြောင်း သည်နယူးအေ့ဂ်သတင်းဌာနက ဘင်္ဂလားဒေ့ရှ်နိုင်ငံဘဏ်စာရင်းဇယားများကို ကိုးကားဖော်ပြသည်။ ပြီးခဲ့သည့်နှစ် ဇူလိုင်လမှ နိုဝင်ဘာလအထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဂျုံတင်သွင်းမှု အမေရိကန်ဒေါ်လာ ၁၉၁ဒသမ ၆၂သန်းဖိုးနှင့် အခြားသီးနှံအမေရိကန် ဒေါ်လာသန်း ၉၀ဖိုးတင်သွင်းခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

✡ **ရှေ့ဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အလားတူ မြို့ရောင်၍ သွားနိုင်ရန်အတွက် ရွာချင်းဆက်လမ်းများကို လမ်းကြောင်းရှာဖွေ၍ ကားကြီးများ သွားလာနိုင်သည့် လမ်းအကျယ်အထိ ဖောက်လုပ်ရန်၊မိတ္ထီလာမြို့ ရှောင်လမ်း သပြေဝ-ပျဉ်သာလမ်းပိုင်းကို အမြန်ပြီးစီးအောင်ဖောက်လုပ်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကုန်းရွာအနီးရှိ မိတ္ထီလာလွှင်ပြင်ရေရရှိရေးဆောင်ရွက်နေသည့် အမှတ်(၁)ရေတင်စခန်း ဆောက်လုပ်မည့်နေရာသို့ ရောက်ရှိကြရာ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်က မိတ္ထီလာလွှင်ပြင်ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်မောင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

စိုက်ပျိုးရေပေးဝေမည်

အဆိုပါ မိတ္ထီလာလွှင်ပြင်ရေရရှိရေး လျှပ်စစ်ရေတင်စီမံကိန်းမှာ မန္တလေးတိုင်း မိတ္ထီလာခရိုင် ဝမ်းတွင်း မြို့နယ် ကုန်းရွာအနီး၌တည်ရှိပြီး မြို့ကြီးရေလှောင်တမံတည်ဆောက်ပြီးစီးပါက ရရှိသောရေကို ကင်းတားဆည်သို့ ပေးသွင်း၍ သီးနှံစိုက်ဧက သုံးသောင်းသို့ စိုက်ပျိုးရေပေးဝေရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာ-မန္တလေးလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ဟန်မြင့်မိုရ်-မြို့ကြီး-ရွာငံလမ်းအတိုင်း ဆက်လက်ထွက်ခွာလာကြရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံတည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

ရည်ရွယ်တည်ဆောက်

အဆိုပါ မြို့ကြီးရေလှောင်တမံစီမံကိန်းကို ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး ဇော်ဂျီမြစ်ပေါ်၌ မိတ္ထီလာလွှင်ပြင်သို့ ရေပို့လွှတ်ပေးဝေရန် ရည်ရွယ်တည်ဆောက်မည်ဖြစ်သည်။

ရေလှောင်တမံကို ဇော်ဂျီမြစ်အား ဖြတ်၍ ကျိုးကန်းတောင်နှင့် ရွှေမြင်သာတောင်ကြားချိုင့်ဝှမ်းနေရာကို မြေသားတမံဖြင့်ပိတ်၍ တည်ဆောက်မည်ဖြစ်သည်။ တမံအလျားပေ ၂၅၄၀၊ တမံအမြင့် ၂၈၂ပေ ရှိမည်ဖြစ်ပြီး ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၄၈၀၅၈၀ ရှိမည်ဖြစ်သည်။

အထောက်အကူပြုမည်

ရေလှောင်တမံတည်ဆောက်ပြီးစီးပါက ကင်းတားရေလွှဲဆည်သို့ ရေပို့လွှတ်ပြီး ထိုမှတစ်ဆင့် မိတ္ထီလာ လွှင်ပြင်စိုက်ပျိုးရေရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ သစ်တက်ကုန်းရေလွှဲဆည်သို့ရောက်ရှိကြပြီး ရေလွှဲဆည်တူးမြောင်း ရေထိန်းတံခါးများ ကြံ့ခိုင်မှုအခြေအနေနှင့် ရေလွှဲဆည်အတွင်း ရေစီးဝင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် တူးမြောင်းတစ်လျှောက် ရေပို့လွှတ်မှုအခြေအနေနှင့် တူးမြောင်းဝဲ/ယာတစ်လျှောက်၌ သီးနှံများ စိုက်ပျိုးမှု အခြေအနေများကိုလည်းကောင်း၊ လက်တံမြောင်း ဒီပိုင်(၁)နှင့် (၃)မှ ရေပို့လွှတ်မှုနှင့် ရေထိန်းတံခါးကြံ့ခိုင်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်-မန္တလေးကားလမ်း စဉ့်ကိုင်မြို့နယ်နှင့် အမရပူရ မြို့နယ်အကြား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားတည်ဆောက်ရေး အထူးအဖွဲ့ (၁၂)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြစ်ငယ်တံတား တည်ဆောက်ရေး စီမံကိန်းသို့ ယနေ့နံနက်၇ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမန္တလေးမြို့တော်ဝန်ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ တံတားတည်ဆောက်ရေး အထူးအဖွဲ့ (၁၂)မှ အင်ဂျင်နီယာမှူး ဦးစိုးမင်းက တံတားတည်ဆောက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီစဉ်များ၊ ဘိလပ်မြေ၊ သံချောင်းနှင့် စက်သုံးဆီရရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တံတားပြီးစီးမှုနှင့် ပင်မတံတား တိုင်အမှတ် P-4 နှင့် P-5၊ P-6 နှင့် P-7 တို့သို့ ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မများ တင်ပြီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်ရှိ ဒါန်းချောင်းတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

အဆိုပါမြစ်ငယ်တံတားမှာယခုအခါ ၇၄ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြတ်ဗုဒ္ဓအောင်ခြင်းရှစ်ပါး ဗွီစီဒီနှင့်ဒီဗွီဒီဝယ်ယူပူဇော်နိုင်

ရန်ကုန် ဇန်နဝါရီ ၁၃

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက မကြာမီဖြန့်ချိတော့မည့် ဒါရိုက်တာဗညား(မဟာဗုဒ္ဓဝင်) စီစဉ်ထုတ်လုပ်၍ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် (Computer Graphic Animation Series) မြတ်ဗုဒ္ဓ၏ အောင်ခြင်းရှစ်ပါး VCD၊ DVD ကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင် ဝယ်ယူပူဇော်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အရှင်ဇဝန(ပဲခူး) ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ကျမ်းပြု နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဇဝန(ပဲခူး)သည် ဇန်နဝါရီ၁၉ ရက်ညတွင် တောင်ဥက္ကလာပမြို့နယ် (၅) ရပ်ကွက် သရေခေတ္တရာလမ်းမိသားစုမှ ဒုတိယအကြိမ်မြောက် မဟာပဋ္ဌာန်းပူဇော်ပွဲ အကြို ဓမ္မသဘင်တွင် တရားဓမ္မဟောကြားတော်မူမည်ဖြစ်သည်။ ဆရာတော်သည် ရေကူးမြို့မကျောင်း အမှတ် ၈ရပ်ကွက် ဘုရားကြီးလမ်း ကမ္ဘာအေးစာတိုက် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၅၁၃၈၅၌ သီတင်းသုံးတော်မူလျက်ရှိကြောင်းသိရသည်။ **(က-ပ)**

ဒိုက်ဦးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၄ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီတွင် သိမ်ကြီးဈေး သိမ်တော်ကြီးဓမ္မာရုံ၌ ကျင်းပရန်စီစဉ်ထားသည်။

အသင်းဝင်မိသားစုများ၊ အသက် ၇၅နှစ်ပြည့်ပြီးနှင့် အထက် အပူဇော်ခံများ ၂၀၀၄ ခုနှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်သူများနှင့် ဒိုက်ဦးမြို့နယ်မှ ပထမ၊ ဒုတိယ၊ တတိယရရှိအောင်မြင်သူများသည် နာယက ဦးဘစော ဖုန်း-၆၈၀၇၂၃၊ နာယက ဒုတိယဗိုလ်မှူးကြီးတင်မောင်(ငြိမ်း) ဖုန်း-၂၈၄၇၅၇၊ ဥက္ကဋ္ဌ ဗိုလ်မှူးဘဝင်း (ငြိမ်း) ဖုန်း-၅၆၅၄၂၁၊ဒုတိယဥက္ကဋ္ဌဦးစိုးသိမ်း ဖုန်း-၃၇၁၉၇၉၊ တတိယဥက္ကဋ္ဌ ဦးတင်န ဖုန်း-၅၈၄၂၆၆နှင့် တွဲဖက်အတွင်းရေးမှူး ဦးကျင်ဝမ်း ဖုန်း-၂၂၀၀၂၁ တို့သို့ ဖေဖော်ဝါရီ ၆ ရက်နောက်ဆုံးထား ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။ **(က-ပ)**

လားရှိုးနှင့်မန္တလေးရှိလူငယ်သင်တန်းကျောင်းများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် တာဝန်ရှိသူများလိုက်ပါ၍ ဇန်နဝါရီ ၁၀ရက်တွင် လားရှိုးမြို့ရှိ လူငယ်သင်တန်းကျောင်း၊ အမှတ်(၁)မူလတန်းကြိုကျောင်းနှင့် တွဲဖက်ပြည်နယ် လူမှုဝန်ထမ်းရုံးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကလေးသူငယ်စောင့်ရှောက်ရေး၊ ဘိုးဘွားစောင့်ရှောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲခဲ့သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။ (အပေါ်ပုံ)

ထို့နောက် ဒုတိယဝန်ကြီးသည် လားရှိုးမြို့ မီးသတ်တပ်ဖွဲ့စခန်းကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်ယာဉ်၊ မီးသတ်စက်များ ကြံ့ခိုင်ရေး၊ အသင့်ရှိရေး၊ တပ်ဖွဲ့ဝင်များစွမ်းရည်မြှင့်တင်ရေးနှင့် မီးဘေးကာကွယ်၊ ငြိမ်းသတ်ရေးကိစ္စများကို ဖြည့်ဆည်းမှာကြားသည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၂ ရက်တွင် မန္တလေးမြို့ရှိ လူငယ်သင်တန်းကျောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခဲ့သူများအား ပြန်လည်ထူထောင်ရေးစခန်း၊ အမျိုးသမီး သက်မွေးအတတ်ပညာသင်ကျောင်းနှင့် မူလတန်းကြိုကျောင်း အမှတ်(၂)တို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။ **(သတင်းစဉ်)**

မင်္ဂလာတောင်ညွန့်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ သုတပဒေသာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁၃ရက်က ကန်တော်ကလေး (အနောက်ပိုင်း)ရပ်ကွက်ရုံးတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်မြမြနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်လုံးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ဇန်နဝါရီ ၁၁ ရက်က ရန်ကုန်တိုင်း တွံတေးမြို့နယ် အမကကျုံးကြီးတွင် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ မြို့နယ်အဆင့် အင်္ဂလိပ်စာထူးချွန်ဆု၊ ပညာရေးမိသားစုအဆင့် ဘာသာစုံထူးချွန်ဆုနှင့်ကျောင်းအဆင့်၌ ပထမဆုရရှိသော စတုတ္ထတန်းကျောင်းသူ မအေးငြိမ်းမေအား ကျောင်းအုပ်ဆရာကြီးဦးတင်ထွေးက ဆုချီးမြှင့်စဉ်။ (က-ပ)

ပိုး
အစဉ်သတိပြု

■ ကျောဖုံးမှ

ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း၊ဓာတ်မြေသြဇာရရှိရေး၊ စက်သုံးဆီချေတာရေး၊ စိုက်ပျိုးရာတွင် တောင်သူများ အဆင်ပြေရေးအတွက် လိုအပ်သည့်ရေကို နှုတ်သွင်း ဆောင်ရွက်နိုင်ရန် တူးဖော်ပေးလျက်ရှိရာ တောင်သူများ အနေဖြင့် နိုင်ငံတော်၏ စေတနာကို နားလည်သဘောပေါက်ပြီး တာဝန်ကျေပွန်အောင် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် ကွင်းအတွင်း ရှင်သန်ဖြစ်ထွန်းလျက်ရှိသော စပါးစိုက်ခင်း၊ကူဘိုတာစက်ဖြင့် ရေတင်နေမှု၊ ပုသိမ်စက်မှုဇုန်က ထုတ်လုပ်သည့် ခြေနင်းရေတင်ကိရိယာ၊ လက်လှည့်ရေတင်ကိရိယာဖြင့် ရေတင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် ပုသိမ်တံတား ချဉ်းကပ်လမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် ဖြစ်ထွန်းရှင်သန်လျက်ရှိသော နွေစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ချောင်းသာလမ်းဆုံမှ သာပေါင်းမြို့အထိ ကျောက်ခင်းလမ်းအား ယာဉ်၊ စက်ယန္တရားများဖြင့်လမ်းသားမြှင့်တင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(ဧရာဝတီတိုင်း)**

တွင်းအမှတ် ရွှေ(၃)ကို တူးဖော်မည့် တွင်းတူးသင်္ဘော တူးဖော်ခြင်းနှင့်စမ်းသပ်ခြင်းလုပ်ငန်းဆောင်ရွက်သွားမည်

ရန်ကုန် ဇန်နဝါရီ ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် မြန်မာ-ဘင်္ဂလားဒေ့ရှ်-အိန္ဒိယသုံးနိုင်ငံရေနံနှင့် သဘာဝဓာတ်ငွေ့အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ စွမ်းအင်နှင့်တွင်းထွက် အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. A.K.M Mosharraf Hossain၊ အိန္ဒိယသမ္မတနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mani Shankar Aiyar တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရခိုင်ကမ်းလွန်ဒေသ ကမ်းလွန်ရေနံရှာဖွေရေးလုပ်ကွက် Block A-1၌ တွင်းအမှတ် ရွှေ(၃)ကို တူးဖော်မည့် Frontier Duchess တွင်းတူးသင်္ဘောပေါ်သို့ သွားရောက်ကြည့်ရှုကြသည်။

ဆွေးနွေးမေးမြန်း

ရှေးဦးစွာ Daewoo International Corporation E&P Myanmar မန်နေဂျင်းဒါရိုက်တာ Dr. Su Yeong Yang က ရှာဖွေရေးတွင်းအမှတ် ရွှေ(၁)နှင့် အကဲဖြတ် တွင်းအမှတ်ရွှေ(၂)တို့ကို တူးဖော် စမ်းသပ်ခဲ့မှုအခြေအနေ၊ ယခု စတင်တူးဖော်မည့် တွင်းအမှတ် ရွှေ(၃)နှင့် ဆက်လက်၍ အကဲဖြတ်တွင်းများ တူးဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် နှစ်နိုင်ငံဝန်ကြီးများ၊ကိုယ်စားလှယ်အဖွဲ့ဝင်များက ဆွေးနွေးမေးမြန်းကြသည်။

ထို့နောက် ဝန်ကြီးများနှင့်အဖွဲ့သည် တွင်းတူးသင်္ဘော Frontier Duchess ပေါ်၌ လုပ်ငန်းဆောင်ရွက်နေသည်များကို လှည့်လည်ကြည့်ရှုကြပြီး ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြီးစီးအောင်ဆောင်ရွက်

အဆိုပါအကဲဖြတ် တွင်းအမှတ် ရွှေ(၃)ကို တွင်းတူးသင်္ဘော Frontier Duchess ဖြင့် အနက် ၁၀၈၂၁ ပေထိ တူးဖော်မည်ဖြစ်ပြီး တူးဖော်ခြင်းနှင့် စမ်းသပ်ခြင်းလုပ်ငန်းများကို ရက်ပေါင်း ၅၃ရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ရခိုင်ကမ်းလွန် လုပ်ကွက်အမှတ် A-1 ၌ ၂၀၀၄ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းက အစမ်းတွင်းအမှတ် ရွှေ(၁)ကို တူးဖော်ခဲ့ရာ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၃၂ သန်း ခန့်အထိ ထွက်ရှိခဲ့ပြီး အဆိုပါစမ်းသပ်တွေ့ရှိမှုပမာဏနှင့် ဆိုက်စမစ်တိုင်းတာမှုများအရ ရွှေဘူမိအနေအထားတွင် သဘာဝဓာတ်ငွေ့ကုဗပေ လေးတြီလီယံမှ ခြောက်တြီလီယံခန့်အထိ ထွက်ရှိမည်ဟု ခန့်မှန်းသည်။ အလားတူ လုပ်ကွက် A-1 အတွင်း နောက်ထပ်အလားအလာများဖြစ်သော ရွှေဖြူနှင့် ငွေဘူမိအနေအထားတို့တွင် ယခုနှစ် ပွင့်လင်းရာသီအတွင်း ရှာဖွေရေးတွင်းနှင့်အကဲဖြတ်တွင်းများ စုစုပေါင်းရှစ်တွင်းခန့် ဆက်လက်တူးဖော်စမ်းသပ်သွားမည်ဖြစ်ရာ စီးပွားဖြစ်ထွက်ရှိမည့် သဘာဝဓာတ်ငွေ့အလားအလာများ ပိုမိုကောင်းမွန်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စွမ်းအင်နှင့် တွင်းထွက်အရင်းအမြစ်ဝန်ကြီး H.E. Mr. A.K.M. Mosharraf Hossain၊ အိန္ဒိယနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီး H.E. Mr. Mani Shankar Aiyar တို့နှင့်အတူ ရခိုင်ကမ်းလွန် ရေနံရှာဖွေရေးလုပ်ကွက် Block A-1တွင် တွင်းအမှတ် ရွှေ(၃)ကို တူးဖော်မည့် သင်္ဘောပေါ်သို့သွားရောက်ကြည့်ရှုကြစဉ်။ (စွမ်းအင်)



ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၆၃)ရပ်ကွက်ရှိ စက်မှုဇုန် (၂) ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးအောင်လွင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝင်းနှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးခင်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။(က-ပ)

မင်းဘူးခရိုင်အသင်း သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

မင်းဘူးခရိုင်အသင်း (ရန်ကုန်)၏(၅၅)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲ ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၃ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းကြားတောရလမ်း၊ ကုန်သွယ်လယ်ယာ ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ စကု၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်း၊ စေတုတ္တရာ၊ ငဖဲမြို့နယ်များမှ ရန်ကုန်ရောက်ခရိုင်သူ ခရိုင်သားများ အသင်းဝင်ပြီးဖြစ်စေ၊ မဝင်ရသေးသူများဖြစ်စေ၊ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

မင်းဘူးခရိုင် အသင်းဝင်များမှ အသက် (၇၅)နှစ်ပြည့်သော ပုဂ္ဂိုလ်များအား ပူဇော်ကန်တော့ခြင်း၊ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော အသင်းဝင်များ၏သားသမီးများအား ဆုချီးမြှင့်မည်ဖြစ်၍ ဂုဏ်ထူးရကျောင်းသားကျောင်းသူများသည် ဥက္ကဋ္ဌ ဦးဝင်းဖေ ဖုန်း-၇၀၄၇၉၆ နှင့် အတွင်းရေးမှူး ဗိုလ်မှူးတင့်ဝေ(ငြိမ်း) ဖုန်း-၅၇၇၇၄၃ တို့သို့ ဆက်သွယ် သတင်းပေးပို့ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ဟသ်ာတအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ဟသ်ာတအသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၀ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီတွင် အမှတ် ၁၈၄/၁၈၆၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ ဟသ်ာတအသင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံး အသင်း မဝင်ရသေးသော ဟသ်ာတသူ ဟသ်ာတသားများ၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များ တက်ရောက်ကြရန်နှင့် အသက် ၈၀ ပြည့်ပြီးသော အသင်းဝင်များသည် မှတ်ပုံတင်မိတ္တူဖြင့် လည်းကောင်း၊ ဂုဏ်ပြုပွဲအတွက် ဂုဏ်ထူးဆောင် ဆုတံဆိပ်ရအသင်းဝင်များသည် သက်ဆိုင်ရာအထောက်အထားဖြင့် လည်းကောင်း၊ ပညာရည်ချွန်ဆုအတွက် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော သားသမီးများသည်အထောက်အထားများဖြင့် လည်းကောင်း ဇန်နဝါရီ ၂၅ ရက် နောက်ဆုံးထား၍ ဦးမျိုးဆွေ ဖုန်း-၅၈၄၇၃၄၊ ဦးတင်အေး ဖုန်း-၆၅၀၇၂၈၊ ဦးတင်ရှိန် ဖုန်း-၂၂၀၇၈၄၊ ဦးသန်းဦး ဖုန်း-၂၉၄၄၉၈၊ ဦးလှကြည် ဖုန်း-၅၃၄၅၄၈နှင့် ဒေါက်တာ အောင်ဝင်းမောင် ဖုန်း-၂၉၆၄၁၄တို့သို့ ဆက်သွယ် သတင်းပို့ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

ဇန်နဝါရီ ၃ ရက်က ဒဂုံမြို့သစ်တောင်ပိုင်း (၆၅)ရပ်ကွက် အမက(၁၃) ကျောင်းတွင် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ စတုတ္ထတန်းတွင် ကျောင်းတွင်း အင်္ဂလိပ်စာ ထူးချွန်ဆုရရှိသူ မောင်မြတ်ကိုကိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းက ဆုချီးမြှင့်စဉ်။ (က-ပ)

ဇန်နဝါရီ၁၃ရက်က ဗဟန်းမြို့နယ် ဆရာစံပလာဇာ၌ ကျင်းပလျက်ရှိသော မြန်မာ့သမဝါယမ ရာပြည့် အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော် - ၂၀၀၅တွင် ပုဂံစူပါ မားကက်ရှိ လျှပ်စစ်ပစ္စည်းအရောင်းပြခန်းတွင် စိတ်ဝင်စားစွာ လေ့လာကြည့်ရှု ဝယ်ယူနေကြစဉ်။

(က-ပ)

ဖားသားလဖုန်းကျောင်းသားများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

မန္တလေးမြို့ အထက(၁၄) (ယခင် ဖားသားလဖုန်းကျောင်း) ကျောင်းသားဟောင်းများ၏ အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) ညနေ ၄နာရီတွင် အိုရီယန်တယ်ဟောက်စ်ခန်းမ၌ ကျင်းပမည် ဖြစ်သည်။ ၁၉၆၄ခုနှစ် အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ကန်တော့ခံ ဆရာ၊ ဆရာမကြီးများ ဆက်သွယ်ကြရန်နှင့် လှူဒါန်းလိုသူများသည် မန္တလေးမြို့ ဦးနေဝင်း(သစ်လုပ်ငန်း) ဖုန်း-၀၉ -၉၀-၆၀၃၀၅၊ ဦးတော်မီ ဖုန်း-၀၂-၃၄၅၆၆၊ ဦးခင်မောင်သန်း(ကျား) ဖုန်း-၀၂-၆၀၉၈၅၊ ရန်ကုန်မြို့ လူထုဦးစိန်ဝင်း ဖုန်း-၀၁-၃၇၅၁၇၇၊ ဦးခင်မောင်ဝင်း (ရောဝတီရောင်းဝယ်ရေး)ဖုန်း- ၀၉-၅၀၀- ၄၆၃၄၊ ၀၁-၂၂၄၇၂၈ နှင့် ဦးစိန်ဝင်း(ချစ်ချစ်) ဖုန်း-၀၁-၆၆၅၆၉၄တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

ဇန်နဝါရီ ၁၃ ရက်က ဗဟန်းမြို့နယ် ဆရာစံ ပလာဇာ၌ ကျင်းပလျက်ရှိသော မြန်မာ့သမဝါယမ ရာပြည့် အထိမ်းအမှတ် ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်-၂၀၀၅ တွင် လှပျိုဖြူ တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ လိမ်းဆေးနှင့် သန်ကောင်ချ ဆေးများကို ဝယ်ယူအားပေးသူများဖြင့် စည်ကားနေစဉ်။

(က-ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း ငပုတောမြို့နယ် ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်ချမှတ်ပြီး ကျေးလက်ပညာရေးမြှင့်တင်နေ မျိုးဆက်သစ်လူငယ်များအားမျိုးချစ်စိတ်ရင့်သန်သော အသိပညာရှင်၊ အတတ်ပညာရှင်ဖြစ်ရေးပျိုးထောင်

ရန်ကုန် ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် အဆိုပါကျောင်းဆောင်သစ်ရှေ့၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်အားပေးပြီး ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များ၊ ကျောင်းသားကျောင်းသူများ စည်ကားသိုက်မြိုက်စွာ တက်ရောက် ကြသည်။

ရွှေကြိုးငွေကြိုးဆွဲ

ယင်းနောက် အခမ်းအနား အစီအစဉ်များကိုကျင်းပရာ ထူးချွန်ကျောင်းသား ကျောင်းသူလေးများက မြန်မာ့ပညာရေးမျှော်မှန်းချက်ကမ္ပည်းကျောက်စာကို ရွှေကြိုး၊ ငွေကြိုးဆွဲ၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထွန်းနှင့် ကျောင်းအုပ်ကြီးဦးမြင့်နိုင်တို့ကကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ကျုံကူးအခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများသည် ကျောင်းဆောင်သစ်ရှိ မကြာမီဖွင့်လှစ်မည့် ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်း၊ ပန်းချီခန်း၊ သိပ္ပံခန်း၊ အိမ်တွင်းမှုခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍အလှူငွေနှင့်ကွန်ပျူတာများပေးအပ်ရာဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ကွန်ပျူတာ တစ်လုံးကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အမှတ်(၁)အခြေခံပညာ ဦးစီးဌာနက လှူဒါန်းငွေ ကျပ်နှစ်သိန်းနှင့် ကွန်ပျူတာနှစ်လုံးကို အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်က လည်းကောင်း၊ ပုသိမ်မြို့မှ ဦးဌေးမြင့်၊ ဒေါ်ခင်အေးမိသားစုက လှူဒါန်းငွေကျပ်ငါးသောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်နိုင်က လက်ခံသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်ရာ၌ အခြေခံအချက်သုံးချက်ဖြစ်သော ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးတိုးတက်ရေးနှင့်လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးတို့ လိုအပ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြုစုပျိုးထောင်

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးသည် ယနေ့မျိုးဆက်သစ် လူငယ်များကို အနာဂတ်ကာလတွင်တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်ရင့်သန်မြင့်မားသည့်ဘက်စုံထူးချွန်ထက်မြက်သော အသိပညာရှင်၊အတတ်ပညာရှင်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနိုင်မှုအပေါ်တွင် အဓိကတည်မှီနေကြောင်း။

ထို့ကြောင့် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်ကစ၍ အမျိုးသားပညာရည်မြင့်မားရေးအနှစ်(၃၀)နှစ်ရှည်စီမံကိန်းများချမှတ်ပြီး ကြိုးစားဆောင်ရွက်လျက်ရှိသည့်အတွက် ပညာရေးရည်မှန်းချက်အောင်မြင်မှု အခြေခံကောင်းများစွာကို တွေ့မြင်နေကြရပြီဖြစ်ကြောင်း။

ပညာသင်ယူမှုတိုးတက်လာ

အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ ကျောင်းခွဲနှင့် တွဲဖက်ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ခွင့်ပြုသည့်နည်းတူ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဒေသ၌ပင် အလယ်တန်းပညာကို အလွယ်တကူသင်ယူနိုင်စေရန် မူလတန်းလွန်ကျောင်းပေါင်း ၄၇၀၀ ကျော်ကိုလည်း တိုးမြှင့် ဖွင့်လှစ်ပေးခဲ့သည့်အတွက် ကျောင်းသား ကျောင်းသူ သုံးသိန်းကျော်ကိုလည်းထပ်မံတိုးပွားလာခဲ့ပြီး ပညာသင်ယူမှုနှုန်းလည်း သိသာစွာ တိုးတက်လာသည်ကိုတွေ့ရမှာဖြစ်ကြောင်း။

ဧရာဝတီတိုင်း၏ ပညာရေးတိုးတက်မှုကို ကြည့်မည်ဆိုလျှင် ကျောင်းခွဲနှင့် တွဲဖက်ကျောင်းများအပါအဝင် အထက်တန်းကျောင်းပေါင်း ၂၅၇ ကျောင်း၊ အလယ်တန်းကျောင်းပေါင်း ၅၈၀ကျောင်း၊မူလတန်းကျောင်းပေါင်း ၅၉၄၈ကျောင်းအထိ ဖွင့်လှစ်ပေးနိုင်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ယခုဖွင့်လှစ်သည့် ငပုတောမြို့နယ် ကျုံကူး အခြေခံပညာအထက်တန်းကျောင်းခွဲ အပါအဝင် ကျောင်းအဆောက်အအုံများကိုလည်း နိုင်ငံတော်နှင့် ပြည်သူပူးပေါင်းပြီး တင့်တင့်တယ်တယ် တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ကျောင်းသားကျောင်းသူများအနေဖြင့် ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများ အပြည့်အဝရရှိနေကြပြီး ဖြစ်ကြောင်းဖြင့် ပြောကြားသွားသည်။

ယနေ့ဖွင့်လှစ်လိုက်သော ကျုံကူးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၅၀၊ အနံ ၃၂ ပေနှင့် အမြင့်၃၄ ပေရှိ နှစ်ထပ်ကျောင်းဆောင်သစ်ဖြစ်ပြီး စုစုပေါင်းအခန်း ၁၀ ခန်းပါရှိကာ စာသင်ခန်း ရှစ်ခန်း၊ ဘုရားခန်း တစ်ခန်းနှင့် ကျောင်းအုပ်ဆရာကြီးနှင့်ဆရာဆရာမများအတွက် တစ်ခန်းပါရှိသည်။ တစ်ခန်းလျှင် ကျောင်းသား ကျောင်းသူ ၄၀ ဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၃၂၀ ပညာသင်ကြားနိုင်ကြောင်း သိရသည်။ နိုင်ငံတော်မှပံ့ပိုးငွေကျပ် ၆၃ သိန်းနှင့်အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေကျပ် ၅၃၇ သိန်း စုစုပေါင်းငွေကျပ်သိန်း ၆၀၀ ကုန်ကျခဲ့ပြီး ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် တွင် စတင်ပန္နက်ရိုက်ကာ ယခုဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။

စာကြည့်တိုက်ဖွင့်

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် အဖွဲ့ဝင်များသည် ငပုတောမြို့နယ် ကျုံကူးကျေးရွာ၌ ဖွင့်လှစ်သော 'ဘဝရှေ့ဆောင်' ကျေးရွာသူကြီး ဦးလှမြင့် စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရေးဦးစွာ စာကြည့်တိုက် အလှူရှင်က ဘဝရှေ့ဆောင်ကျေးရွာသူကြီး ဦးလှမြင့် စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များသည်စာကြည့်တိုက်အတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါစာကြည့်တိုက်ကို စာကြည့်တိုက်အလှူရှင် ဦးစိုးမြင့်နှင့် ဒေါက်တာဒေါ်မေမေကြည်တို့က တန်ဖိုးငွေကျပ် ၃၁ သိန်း အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ပြီး ကျုံကူးကျေးရွာ ဓမ္မပါလကျောင်းတိုက်ဆရာတော်နှင့် ဦးချစ်ရီနှင့် ဒေါ်ခင်သောင်းတို့က မြေနေရာ ပေးအပ်လှူဒါန်းကြောင်း သိရှိရသည်။

ဘဝရှေ့ဆောင် ကျေးရွာသူကြီး ဦးလှမြင့် စာကြည့်တိုက်တွင် ကျေးလက်နေပြည်သူများ ဗဟုသုတ ပိုမိုတိုးပွားစေရန်အတွက် သုတ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ဝတ္ထု၊ ရုပ်ပြ၊ သတင်းစာ စုစုပေါင်းအုပ်ရေ ၃၂၆၃ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အနာဂတ်သာသနာ့အာဇာနည် ရှင်၂၅ပါးအား သာသနာ့ဝင်အခမ်းအနားကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ဒေသအတွင်းရှိအရွယ်ရောက်ပြီးသော အမျိုးကောင်းသားရတနာများ ပဗ္ဗဇ္ဇတဒုလ္လဘကိုရရှိကြပြီး သာသနာ့ဝန်ထမ်းမျိုးဆက်သစ်များပေါ်ထွန်းလာရေးကို ရှေးရှုလျက် ဓမ္မဘေရီအရှင်ဝီရိယ(တောင်စွန်း) ဆရာတော်နှင့်အမရပူရမြို့ ရွှေကူကြီး ပရိယတ္တိစာသင်တိုက် နာယကဆရာတော် အရှင်သြဘာသတို့က ကြီးမှူး၍ မန္တလေးမြို့ ပုလဲငွေရောင်ရုပ် ဦးအောင်သိန်း- ဒေါ်ခင်လှသင်းနှင့် သားသမီးများ 'မြန်မာ့ရတနာအောင်ဇမ္ဗူ'မိသားစုတို့က သာသနာ့ဒါယကာအဖြစ်ခံယူကာ နတ်မောက်မြို့နယ် ဥယျာဉ်တောင်ရွာ၌ ၁၃၆၆ ခုနှစ် ပြာသိုလပြည့်နေ့ (ဇန်နဝါရီ ၂၄ရက်)တွင် မကွေးတိုင်း နတ်မောက်မြို့ အရှေ့လက်နှင့် မန္တလေးတိုင်း ပျော်ဘွယ်မြို့ အနောက်လက်အတွင်းရှိ ကျေးရွာပေါင်း ၂၅ရွာတို့မှ အမျိုးကောင်းသား၂၅ဦးတို့ကို သာသနာ့ဘောင်သွတ်သွင်းသည့် သာမဏေရပဗ္ဗဇ္ဇမင်္ဂလာပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ယင်းတို့အနက် သာသနာ့ဘောင်၌ ထာဝရမွေ့လျော်မည့် ရှင်သာမဏေများအား အနာဂတ်ထေရသာသနာတွင် သာသနာ့အာဇာနည်များဖြစ်လာရေး အလှူရှင်များက ပစ္စည်းလေးပါးဒါယကာအဖြစ်ခံယူ၍ ဆရာတော်ကြီးများက ပရိယတ္တိ ပဋိပတ္တိဖြင့် ပြည့်စုံရေးအတွက် ကြီးမှူးကြပ်မတ်ပျိုးထောင်တာဝန်ယူ ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။ ထို့အတူ မူလတန်းအောင်မြင်ပြီး လူထွက်၍ အလယ်တန်း၊ အထက်တန်းပညာ ဆက်လက်သင်ကြားလိုပါကလည်း တွဲဖက်အလယ်တန်းကျောင်းဖွင့်လှစ်ထားသည့် ရွှေကူကြီး ပရိယတ္တိစာသင်တိုက်တွင် ဆက်လက်ပညာဆည်းပူးနိုင်ရေး ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ဤအလှူမှာ မန္တလေးနှင့် မကွေးတိုင်း နှစ်တိုင်းအတွင်း ကျေးရွာများမှ သာသနာအတွင်း ဝင်ရောက်ရန် စိတ်ထက်သန်သည့် အမျိုးကောင်းသားများအား ပထမဆုံးအကြိမ် ရေရှည်မျှော်မှန်းချက်ဖြင့် သာသနာ့ဘောင်သွတ်သွင်းခြင်းဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ၃ရက်က လှိုင်သာယာမြို့နယ် အမှတ်(၃၆) အခြေခံပညာ မူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးကို ကျင်းပရာ တတိယတန်း(အေ)မှ တတိယဆုနှင့် ဘာသာစုံထူးချွန်ဆု ရရှိသော မခိုင်ဘိုဘိုဇင် အား ကျောင်းအုပ် ဆရာမကြီးက ဆုချီးမြှင့်စဉ်။ (က-ပ)

အထက(၂)လှိုင် မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

အထက(၂)လှိုင်(ယခင်ဒေါ်သာထက်အထက်တန်းကျောင်း)၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကျောင်းသား ကျောင်းသူဟောင်းများနှင့် မျိုးဆက်သစ် ကျောင်းသားကျောင်းသူများက စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန်အတွက် ဇန်နဝါရီ ၁၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ဇေယျဝတီ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ ကမာရွတ်ဘူတာရုံလမ်း လှိုင်မြို့နယ်တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဗုဒ္ဓပူဇနီယပွဲတော်ဓမ္မပူဇာ

ရန်ကုန် ဇန်နဝါရီ ၁၃

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၀၅)ရပ်ကွက်လုံးဆိုင်ရာ မဟာအတုလရံသီ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီး၌ ဇန်နဝါရီ၂၄ ရက်၊ ၂၅ရက်၊ ၂၆ရက်တို့တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ဓမ္မပူဇာအဖြစ် ဇန်နဝါရီ ၂၇ရက်ညတွင် ညောင်ပင်သာဆရာတော်၊ ၂၈ရက်ညတွင် ပါဠိကာရီဆရာတော်၊ ၂၉ရက်ညတွင် တွံတေးအရှင်ဣန္ဒက၊ ၃၀ရက်ညတွင် တိပိဋကရေဓမ္မဘဏ္ဍာဂါရိကယောဆရာတော်၊ ၃၁ ရက်ညတွင် ရွှေပြည်ဟိန်း ဆရာတော်တို့က ညစဉ်၇နာရီမှ စတင်ဟောကြားတော်မူကြမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁ရက်တွင် ပင့်သံဃာ ၃၆ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပြီး မဟာဒုက်ဘုရားမဲများဖွင့်လှစ်မည်ဖြစ်ရာ ဦးမြစိုး (မာလာသိန်းဆေးဆိုင်)ဖုန်း-၅၉၁၅၀၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

● ရှေ့ဖုံးမှ

အင်ဂျင်နီယာထူးချွန်ဆုရရှိ

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနသည် ဆည်မြောင်းတာတမံများကို တစ်လလျှင် ဆည်တစ်ခုဖွင့်လှစ်ရန် စီမံချက် ချမှတ်ဆောင်ရွက်ခြင်းကြောင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလအထိ ဆည်မြောင်းတာတမံပေါင်း ၁၆၉ခုကို ဖွင့်လှစ်နိုင်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ၂၀၀၂ ခုနှစ် စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ အာဆီယံအသင်းချုပ်၏ အကြိမ်(၂၀)မြောက် နှစ်ပတ်လည် အစည်းအဝေးက ၂၀၀၂ ခုနှစ် အင်ဂျင်နီယာလုပ်ငန်း ထူးချွန်ဆုကို မြန်မာနိုင်ငံဆည်မြောင်းဦးစီးဌာနအား ချီးမြှင့်ပေးအပ်ခဲ့သည်။

ယင်းသို့ အင်ဂျင်နီယာလုပ်ငန်း ထူးချွန်ဆုပေးခြင်းမှာ အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း၌ အချိန်တိုကာလအတွင်း မြန်မာနိုင်ငံတွင် ဆည်မြောင်းတာတမံများကို အံ့သြဘနန်းဖြစ်လောက်အောင် တည်ဆောက်ပြီးစီးခဲ့သဖြင့် ၂၀၀၂ ခုနှစ် အင်ဂျင်နီယာလုပ်ငန်း ထူးချွန်ဆုကို မြန်မာနိုင်ငံ ဆည်မြောင်းဦးစီးဌာနသို့ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ထိုက်ထိုက်တန်တန်ရရှိ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူပြီးနောက် ၂၀၀၂ ခုနှစ် စက်တင်ဘာလအထိ ၁၄ နှစ်ကာလတွင် ဆည်မြောင်းတာတမံပေါင်း ၁၃၈ခုကို တည်ဆောက်ပြီးစီးခဲ့သဖြင့် ယင်းကာလအတွင်း အောင်မြင်ပြီးမြောက်စွာ တည်ဆောက်နိုင်ခြင်းကို စာရွက်ပေါ်တွင်သာမက ဓာတ်ပုံမှတ်တမ်းများဖြင့်လည်း တင်ပြခဲ့ခြင်းကြောင့် ယင်းကဲ့သို့ ထိုက်ထိုက်တန်တန် ဆုရရှိခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ခြင်း

ယင်းသို့ ၂၀၀၂ ခုနှစ် အင်ဂျင်နီယာလုပ်ငန်း ထူးချွန်ဆု (ASEAN) Outstanding Engineering Award-2002 ရရှိခဲ့ခြင်းသည် ကိန်းဂဏန်းအရလည်းကောင်း၊ လက်တွေ့ဆောင်ရွက်ပြီးစီးခဲ့သည့် အထောက်အထားများအရလည်းကောင်း၊ သမိုင်းဖြစ်စဉ်များအရလည်းကောင်း ထိုက်ထိုက်တန်တန်ရရှိခြင်းဖြစ်ပေရာ နိုင်ငံ၏ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် ဆည်မြောင်းတာတမံတည်ဆောက်ခြင်းကို အတွေ့အကြုံရှိခဲ့သည့်အလျောက် မြန်မာဘုရင်များလက်ထက်က စတင်၍ ၁၉၆၁-၆၂ ခုနှစ်အထိ ဆည်မြောင်းတာတမံ ၆၉ ခုကို ငွေကျပ်သန်းပေါင်း ၄၅ ဒသမ ၃၅၅ အကုန်အကျခံ၍ ရေသိုလှောင်ပမာဏ ကေပေ ၁၄၈၀၅၃ သိုလှောင်ပြီး စိုက်ပျိုးဧက ၈၅၃၂၈၄ ဧကကို အကျိုးပြုပေးခဲ့သည်။

၁၉၆၂-၆၃ ခုနှစ်မှစ၍ ၁၉၈၈-၈၉ ခုနှစ်အထိ ဆည်မြောင်းတာတမံပေါင်း ၁၅၄ ခုကို ငွေကျပ်သန်းပေါင်း ၁၄၀၈ ဒသမ ၉၅၀ အကုန်အကျခံ၍ တည်ဆောက်ခဲ့သည်။ ဖော်ပြပါ ဆည်မြောင်း တာတမံများမှ ကေပေ ၁၀၄၂၇၅၈ ကို သိုလှောင်၍ အကျိုးပြုဧကပေါင်း ၄၈၂၉၁၅ ဧက အကျိုးပြုပေးခဲ့သည်။

စိုက်ဧက ၂၅ သိန်းကျော်အကျိုးပြု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအနေဖြင့် ၁၉၈၈-၈၉ ခုနှစ်မှ စတင်၍ ဆည်မြောင်းတာတမံများကို တည်ဆောက်ရာတွင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလကုန်အထိ ဆည်မြောင်းတာတမံပေါင်း ၁၆၉ ခုကို ငွေကျပ်သန်းပေါင်း ၈၆၈၅ ဒသမ ၆၃ သန်း အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့ခြင်းကြောင့် ကန်ရေပြည့် ရေလှောင်ပမာဏ ၉၆၁၇၅၀၇ ကေပေ သိုလှောင်ပြီး လယ်ယာမြေ ၂၅၈၈၄၆၉ ဧကအတွက် အကျိုးပြုလျက်ရှိသည်။

ကယားပြည်နယ်

ဆည်မြောင်းဦးစီးဌာနမှ ဆည်မြောင်းရေလှောင်တမံများကို တည်ဆောက် ဖွင့်လှစ်ခဲ့ရာတွင် ကယားပြည်နယ်တွင် ဆည်မြောင်းတာတမံပေါင်း နှစ်ခုကို ငွေကျပ် ၂၂၈ ဒသမ ၃၈ သန်းအကုန်အကျခံ၍ တည်ဆောက်ပေးခဲ့သည့်အလျောက် ၃၁၅၀ ဧကကို အကျိုးပြုလျက်ရှိသည်။

ကရင်ပြည်နယ်တွင် ရေလှောင်တမံတစ်ခုကို ငွေကျပ် ၄၆ ဒသမ ၂၅ သန်းအကုန်အကျခံ၍ လယ်မြေသီးနှံဧက ၁၀၀ နှင့် သောက်သုံးရေကို အကျိုးပြုခဲ့သည်။ ချင်းပြည်နယ်တွင် ရေလှောင်တမံကို ငွေကျပ် ၅၄ သန်း အကုန်အကျခံတည်ဆောက်ပေးခဲ့ပြီး အကျိုးပြုဧက ၅၀၀ကို စိုက်ပျိုးရေပေးနိုင်သည့်အပြင် ရေအားလျှပ်စစ် ၁၇၅ ကီလိုဝပ်ကိုပါ ထုတ်လွှတ်ပေးနိုင်ခဲ့သည်။

စစ်ကိုင်းတိုင်း

စစ်ကိုင်းတိုင်းတွင် ဆည်မြောင်းရေလှောင်တမံပေါင်း ၁၈ ခုကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ငွေကျပ်သန်းပေါင်း ၁၂၅၆၅ ဒသမ ၁၈ သန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့သည်။ စစ်ကိုင်းတိုင်းအတွင်း ဖွင့်လှစ်ပေးခဲ့သော ရေလှောင်တမံများအနေဖြင့် ကန်ရေပြည့် ရေလှောင်ပမာဏ ၃၂၆၅၃၆ ဧကပေ သိုလှောင်ပြီး ဧရိယာ စိုက်ပျိုးမြေ ၃၆၉၉၄၄ ဧကသို့ အကျိုးပြုခဲ့သည့်အပြင် သဖန်းဆိပ်ရေလှောင်တမံမှ မဂ္ဂါဝပ် ၃၀ ရှိသော လျှပ်စစ်ဓာတ်အားကို ရေအားလျှပ်စစ် ထုတ်လွှတ်ပေးနိုင်ခဲ့သည်။

တနင်္သာရီတိုင်း

တနင်္သာရီတိုင်းတွင် ရေလှောင်တမံတစ်ခုကို ငွေကျပ် သန်းပေါင်း ၁ ဒသမ ၇၀ အကုန်အကျခံ၍ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ၁၀၄ ဧကကို အကျိုးပြုလျက်ရှိသည်။

ပဲခူးတိုင်း

ပဲခူးတိုင်းတွင် ရေလှောင်တမံပေါင်း ၄၀ ကို ငွေကျပ် သန်းပေါင်း ၂၄၀၅၅ ဒသမ ၄၉ သန်း အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့သဖြင့် ရေလှောင်ပမာဏ ၂၄၄၈၅၄၀ ဧကပေ သိုလှောင်ပြီး စိုက်ပျိုးမြေဧရိယာဧက ၆၂၆၉၇၀ အတွက် အကျိုးပြုလျက်ရှိသည်။

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာအနီးရှိ သစ်တက်ကုန်း ရေလွှဲဆည်ရေသောက်ဧရိယာ တိုးချဲ့ရေးစီမံကိန်းအား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)မှ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သူငယ်တော် လက်တံမြောင်းတူးဖော်မှုလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေသည်ကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က ဤသို့ တွေ့ခဲ့ရသည်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

မကွေးတိုင်း

မကွေးတိုင်းတွင် ရေလှောင်တမံပေါင်း ၃၀ ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ရာ နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်း ၂၇၅၈၂ ဒသမ ၇၈ သန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့သည်။ တည်ဆောက်ပေးခဲ့သော ရေလှောင်တမံများ၌ ရေလှောင်ပမာဏ ဧကပေ ၁၃၂၄၈၁၉ သိုလှောင်ပြီး စိုက်ပျိုးမြေဧရိယာ ၂၈၆၉၃၈ ဧကသို့ ရေပေးဝေလျက်ရှိသည်။

မန္တလေးတိုင်း

မန္တလေးတိုင်းတွင် ရေလှောင်တမံပေါင်း၄၂ ခုကို ငွေကျပ် ၁၀၀၆၇ ဒသမ ၆၁သန်း အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့ပြီး ရေလှောင်ပမာဏ ၁၃၈၀၂၃၈ ဧကပေ သိုလှောင်ကာ စိုက်ပျိုးမြေဧရိယာ ၃၃၄၅၅၃ ဧကသို့ စိုက်ပျိုးရေပေးလျက်ရှိသည်။ ၎င်းအပြင် ကင်းတားရေလှောင်တမံမှ ၂၈ မဂ္ဂါဝပ် နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခြင်း၊ ဆင်လမ်းရေလှောင်တမံမှ မြို့ရေပေးရေးကို လည်းကောင်း၊ ချောင်းမကြီးရေလှောင်တမံမှ သောက်သုံးရေကိုလည်းကောင်း ထောက်ကူလျက်ရှိသည်။

မွန်ပြည်နယ်

မွန်ပြည်နယ်တွင် ရေလှောင်တမံနှင့် ရေထိန်းတမံအပါအဝင် ခုနစ်ခုကို ငွေကျပ် ၂၀၆၈ဒသမ၉၉ သန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီး ရေလှောင်ပမာဏဧကပေ ၇၄၀၂၈ ဖြင့် လယ်ယာနှင့် သီးနှံစိုက်ပျိုးမြေဧရိယာ ၆၃၈၀၀ ဧကကို အကျိုးပြုလျက်ရှိသည်။

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်တွင် ရေလှောင်တမံလေးခုကို ငွေကျပ် ၁၈၁ ဒသမ ၅၂ သန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီး ရေလှောင်ပမာဏ ဧကပေ ၈၃၅၅ သိုလှောင်၍ စိုက်ပျိုးမြေဧရိယာ ၄၅၀ ဧကနှင့် သောက်သုံးရေများပေးခြင်းဖြင့် အကျိုးပြုလျက်ရှိသည်။

ရန်ကုန်တိုင်း

ရန်ကုန်တိုင်းတွင် ရေလှောင်တမံပေါင်း ၁၄ ခုကို ငွေကျပ်သန်း ၅၀၁၉ ဒသမ ၂၅ သန်း အကုန်အကျခံ၍ တည်ဆောက်ပေးခဲ့သည်။ ရေလှောင်တမံများမှ ရေလှောင်ပမာဏ ဧကပေ ၇၃၀၅၃၉ သိုလှောင်ပြီး စိုက်ပျိုးဧရိယာ ၂၂၃၅၀၀ ဧကနှင့် သောက်သုံးရေများ ပေးဝေနိုင်လျက်ရှိသည်။

ရှမ်းပြည်နယ်

ရှမ်းပြည်နယ်တွင် ရေလှောင်တမံ နှစ်ခုကို တည်ဆောက်ပြီး ငွေကျပ်သန်းပေါင်း ၁၇၀၉ ဒသမ ၄၀ အကုန်အကျခံ တည်ဆောက်ပေးခဲ့သည်။ ရှမ်းပြည်နယ် ရေလှောင်တမံနှစ်ခုတွင် ဇော်ဂျီရေလှောင်တမံမှ ခြောက်မဂ္ဂါဝပ် နှစ်လုံးဖြင့် ရေအားလျှပ်စစ် ဖြန့်ဖြူးပေးလျက်ရှိသည်။

ဧရာဝတီတိုင်း

ဧရာဝတီတိုင်းတွင် ရေလှောင်တမံ တစ်ခုနှင့်ရေထိန်းတံခါး ခြောက်ခုကို ငွေကျပ် သန်းပေါင်း ၂၂၇၂ ဒသမ ၈၈သန်း အကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီး ရေလှောင်ဧက ပေ၄၀၀၀၀ ကို သိုလှောင်၍ စိုက်ပျိုးမြေ ဧရိယာ ၂၆၇၄၂၀ ဧကအတွက် အကျိုးသက်ရောက်လျက်ရှိသည်။

တည်ဆောက်လျက်ရှိ

ယင်းသို့ဆည်မြောင်း တာတမံပေါင်း ၁၆၉ ခုကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့်အပြင် ရေလှောင်တမံ ၃၅ ခုကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိသည်။ တည်ဆောက်ဆဲ ရေလှောင်တမံတို့မှာ ကချင်ပြည်နယ်၌ ရွှေကူရေလှောင်တမံ၊ စစ်ကိုင်းတိုင်းတွင် ရာဇဂြိုဟ်၊ ပေါင်းကတာ၊ အိုင်းယားအင်ကြင်းပင် ရေလှောင်တမံ၊ တနင်္သာရီတိုင်း၌ အညာဖြားရေလှောင်တမံတို့ကိုတည်ဆောက်လျက်ရှိသည်။

ပဲခူးတိုင်းတွင် ရေလှောင်တမံငါးခုဖြစ်သော ရဲနွယ်ဘက်စုံရေလှောင်တမံ၊ ဖြူးချောင်း ဘက်စုံရေလှောင်တမံ၊ ခပေါင်းဘက်စုံရေလှောင်တမံ၊ ဝါးကတုတ်၊ မိုးယွန်းကြီးရေလှောင်တမံတို့ကိုလည်းကောင်း၊ မကွေးတိုင်းတွင် ရေလှောင်တမံငါးခုဖြစ်သော ပဒဲရေလှောင်တမံ၊ ကြီးအုံ-ကြီးဝ ဘက်စုံရေလှောင်တမံ၊ မဒေးရေလှောင်တမံ၊ မြစ်သာဘက်စုံရေလှောင်တမံ၊ ဖူးရှာဘက်စုံရေလှောင်တမံတို့ကို အကောင်အထည်ဖော်လျက်ရှိသည်။

မန္တလေးတိုင်းတွင် ပေါင်းလောင်းဘက်စုံရေလှောင်တမံ၊ ချောင်းမငယ်၊ ဆည်တော်ကြီးရေကူ၊မဒန်း၊ငါ့သရောက်၊ မာလဲနတ်တောင်၊ မြို့လှ၊ ညောင်ကုန်း ရေလှောင်တမံရှစ်ခုတို့ကိုလည်းကောင်း၊ မွန်ပြည်နယ်တွင် ကတိုက်ရေလှောင်တမံနှင့် ကတွန်ရေထိန်းတံခါးကိုလည်းကောင်း၊ ရခိုင်ပြည်နယ်၌ ပြိုင်းချောင်း ရေလှောင်တမံကိုလည်းကောင်း၊ ရန်ကုန်တိုင်းတွင် ခရမ်းရေထိန်းတံခါး၊ ငမိုးရိပ်ရေထိန်းတံခါး၊ သုံးခွရေထိန်းတံခါးတို့ကိုလည်းကောင်း တည်ဆောက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တွင် ကောက်ကွေ့၊ မြို့ကြီး၊ ဝမ်ပုံရေလှောင်တမံတို့ကိုလည်းကောင်း၊ ဧရာဝတီတိုင်းတွင် ကွန်ချောင်း၊ မမြ၊ ကညင်ရေလှောင်တမံတို့ကို လည်းကောင်း တည်ဆောက်လျက်ရှိသည်။ တည်ဆောက်ဆဲ ရေလှောင်တမံ ၃၅ ခုတို့မှ စိုက်ပျိုးရေးအတွက် ဧရိယာဧက ၆၇၂၀၄၅ ဧကကို အကျိုးပြုနိုင်ရန် တည်ဆောက်ခြင်း ဖြစ်သည့်အပြင် ကြီးအုံ-ကြီးဝရေလှောင်တမံမှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၆၀၊ မြစ်သာရေလှောင်တမံမှ မဂ္ဂါဝပ်၄၀၊ ဖူးရှာမှ မဂ္ဂါဝပ် ၆၀၊ ပေါင်းလောင်းမှ မဂ္ဂါဝပ် ၂၈၀၊ ဆည်တော်ကြီးမှ မဂ္ဂါဝပ် ၆၀၊ မြို့ကြီးမှ မဂ္ဂါဝပ် ၂၀ စုစုပေါင်း မဂ္ဂါဝပ် ၅၂၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပေသည်။ နိုင်ငံတော်တွင် စိုက်ပျိုးရေးအတွက်လိုအပ်သော ဆည်ရေများသာမက နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကိုပါ မုချမသွေရရှိတော့မည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

(၅၇)နှစ်မြောက် မြန်မာ့လွတ်လပ်ရေးနေ့အခါသမယ နိုင်ငံအကြီးအကဲများ သဝဏ်လွှာများဆက်လက်ပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများက လွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့ကြသည်။

လစ်ဗျားနိုင်ငံ

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ လစ်ဗျားနိုင်ငံ ခေါင်းဆောင် ဗိုလ်မှူးကြီး မွမ်မာ အယ်လ်ကဒါဖီထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိကိုယ်တိုင်နှင့် လစ်ဗျားပြည်သူများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပို့သအပ်ပါကြောင်း၊ အဆွေတော် ကျန်းမာပျော်ရွှင်၍ မြန်မာပြည်သူများ ကြွယ်ဝချမ်းသာပါစေဟု ဆုမွန်ကောင်းများ ပို့အပ်ပါကြောင်း ဖော်ပြပါရှိသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအေအာနန်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နိုင်ငံအကြီးအကဲနှင့် ပြည်သူများထံ မိမိဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပို့သအပ်ပါကြောင်း၊ ယခုနှစ်သည် ကုလသမဂ္ဂအဖွဲ့ကြီး၏ အရေးကြီးဆုံး နှစ်တစ်နှစ်ဖြစ်ကြောင်း၊ ကုလသမဂ္ဂဖွဲ့စည်းခဲ့သည့် နှစ်(၆၀)ပြည့် နှစ်ပတ်လည်နေ့နှင့် ၂၁ ရာစုတွင် ပိုမို ကောင်းမွန်သော ကမ္ဘာကြီးဖြစ်အောင် တည်ဆောက်မှုအတွက် စီမံချက်တစ်ခုအနေဖြင့် ကမ္ဘာ့နိုင်ငံအများက ၂၀၀၀ ပြည့်နှစ်က ကျင့်သုံးခဲ့သော ထောင်စုနှစ် ကြေညာစာတမ်း၏ ငါးနှစ်သက်တမ်းကို ပြန်လည်သုံးသပ်ခဲ့သည့် နှစ်တစ်နှစ်ဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများသည် ဖြစ်ပေါ်လာသော ပြဿနာများကို ကောင်းသောအမြင်ဖြင့် သတ္တိရှိရှိ ရင်ဆိုင်ဖြေရှင်းသွားနိုင်ပြီး ကုလသမဂ္ဂအဖွဲ့ကြီးကို ပြင်ဆင်ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်ရန် အသင့်ဖြစ်နေပြီဟု မိမိယုံကြည်ပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်ဝါဒ၊ အဖျက်စွမ်းအားကြီးမားသော လက်နက်များ တိုးပွားများပြားလာခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများဖြစ်သည့် ဆင်းရဲနွမ်းပါးမှုနှင့် ရောဂါဘယ ဖြစ်ပွားမှုများကို ကြံ့ကြံ့ခံ၍ စုပေါင်းအဖြေရှာ ဆောင်ရွက်ခဲ့ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးတွင် မြန်မာနိုင်ငံအနေဖြင့် ဦးဆောင်ဦးရွက်ပြုမှုနှင့် အဖွဲ့ကြီးအတွက် အကြံပြုချက်များ ဆက်လက်ပေးသွားနိုင်လိမ့်မည်ဟု မိမိမျှော်လင့်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် သစ်တက်ကုန်းကျေးရွာအနီးရှိ သစ်တက်ကုန်း ရေလွှဲဆည်ရေသောက်ဧရိယာ တိုးချဲ့ရေးစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) မိတ္ထီလာမှ တာဝန်ယူ တည်ဆောက်လျက်ရှိရာ ငါးပေပတ်လည်ရေတံခါးမှ ဆည်ရေသောက် သီးနှံစိုက်ခင်းများအတွက် ရေပေးဝေမှုကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်က တွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

သမိုင်းသင်ခန်းစာများရယူပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံထူထောင်ရေး

အောင်မိုးခံ

လွတ်လပ်ရေးရခါစတွင် ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံမှုနဲ့ အာဏာရလာခဲ့ပေမယ့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာပေါ်ပေါက်လာရေးတို့ကို မဆောင်ရွက်နိုင်ခဲ့တဲ့အတွက် အနှစ် ၄၀ တည်မြဲရမယ်ဆိုတဲ့ ဖဆပလအစိုးရဟာ ၁၄ နှစ်နဲ့ ကျဆုံးသွားခဲ့ရတယ်။ ဒါဟာ ပါလီမန်ဒီမိုကရေစီစနစ် ကျဆုံးသွားခဲ့ရမှုလဲ ဖြစ်ပါတယ်။

အခုလို ကျဆုံးသွားရတဲ့ အကြောင်းရင်းကတော့ မိမိတို့ လူမှုဘဝနဲ့ မကိုက်ညီသေးတဲ့ အနောက်ဥရောပ ဒီမိုကရေစီကို ဦးစားပေး ပုံတူကူးကျင့်သုံးခဲ့လို့ ဖြစ်ပါတယ်။ မိမိတို့လူ့အဖွဲ့အစည်းမှာ ဒီမိုကရေစီကျင့်စဉ် ရှင်သန်ထွန်းကားလာနိုင်မယ့် လူမှုဘဝတွေ ရင့်မာပြည့်စုံဖို့ လိုအပ်နေသေးလို့ ဖြစ်ပါတယ်။

ဒီအပေါ် သင်ခန်းစာယူပြီး ဒီကနေ့မှာတော့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးကို ဦးစားပေးကြိုးပမ်းပြီး အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော် ပါဝင်ရေးကို ရှေးရှုဆောင်ရွက်လာခဲ့ရတာ ဖြစ်ပါတယ်။ အမျိုးသားညီလာခံရဲ့ အခြေခံမူကြီး ၁၀၄ချက်မှာလဲ အတည်ပြုဖော်ပြထားပြီးဖြစ်ပါတယ်။

အဲဒီလိုသာ မဖော်ဆောင်ဘူးဆိုရင် ဒီမိုကရေစီလူမှုဘဝတွေ ရင့်မာပြည့်စုံမှု ရှိမလာသေးတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်မှာ အရပ်ဘက်ကိုယ်စားလှယ်အစိုးရ သက်သက်က နိုင်ငံတော်အာဏာကို မထိန်းသိမ်းနိုင်သရွေ့ တပ်မတော်က ဝင်ရောက် တာဝန်ယူနေရတဲ့ သံသရာလည်နေဦးမယ်သာ ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံရေးသမိုင်းတစ်လျှောက်မှာ နိုင်ငံရေးတည်ငြိမ်မှုပျက်ပြားယိုယွင်းပြီး စီးပွားရေးကျဆင်းကျပ်တည်းမှုတွေနဲ့ ကြုံလာရတိုင်း တပ်မတော်က နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်ခဲ့ရလို့ ဖြစ်ပါတယ်။

လွတ်လပ်စ မြန်မာနိုင်ငံမှာ ပြည်တွင်းလက်နက်ကိုင် ရောင်စုံသောင်းကျန်းမှုတွေဟာ ရန်ကုန်အစိုးရလို့ ခေါ်ရလောက်အောင်အထိ လွှမ်းမိုးခဲ့ပါတယ်။ဒီအပေါ် နိုင်ငံရေးပါတီအဖွဲ့အစည်းတွေက နိုင်ငံရေးနည်းများနဲ့ မဖြေရှင်းနိုင်တဲ့ အတွက် တပ်မတော်က တာဝန်ယူပြီး တိုင်းပြည်မှာ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် ကြိုးပမ်းလာခဲ့ရပါတယ်။ ဒီအချိန်ကစပြီး တပ်မတော်ဟာ မြန်မာ့နိုင်ငံရေးမှာ အရေးပါတဲ့အခန်းက ပါဝင်လာခဲ့ရတာ ဖြစ်ပါတယ်။

၁၉၆၂ခုနှစ်မှာ ဖက်ဒရယ်မူကို အကြောင်းပြုပြီး ပြည်ထောင်စုပြိုကွဲမယ့် အန္တရာယ် ကြုံလာပြန်တော့လဲ တပ်မတော်က နိုင်ငံတော်တာဝန်ကို မလွှဲမရှောင်သာ ဝင်ရောက်ထမ်းဆောင်လာခဲ့ရတယ်။ ဒီအရေးကို နိုင်ငံရေးခေါင်းဆောင်တွေသာ ညှိနှိုင်းဖြေရှင်းနိုင်ကြမယ်ဆိုရင် တပ်မတော်က ဝင်ရောက်တာဝန်ယူလာစရာ အကြောင်းမရှိပါ။

နောက်ဆုံး ၁၉၈၈ခုနှစ် အရေးအခင်းကြီးမှာလဲ မင်းမဲ့စရိုက်ဆိုးတွေကြီးစိုးလွှမ်းမိုးလာပြီး အရပ်ဘက်အင်အားစုတွေအနေနဲ့ ဘယ်လိုမှထိန်းသိမ်းနိုင်စွမ်းမရှိတော့ဘဲ ပြည်သူတွေ ကျီးလန့်စာစားဘဝနဲ့ နိုင်ငံတော်အန္တရာယ်ကြုံရတော့မယ့်အချိန်မှာ တပ်မတော်က မလွှဲမရှောင်သာဘဲ နိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်လာခဲ့ရတာဖြစ်ပါတယ်။ တပ်မတော်က အခုလိုနိုင်ငံတော်တာဝန်ကို ဝင်ရောက်ထမ်းဆောင်လာခဲ့ရမှုဟာ အကျိုးအကြောင်း ဆက်စပ်ဖြစ်ပေါ်လာမှုသာ ဖြစ်ပါတယ်။ လောကမှာ ဘယ်အရာမဆို အကျိုးမဲ့အကြောင်းမဲ့ ဖြစ်ပေါ်လေ့မရှိလို့ ဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်က နိုင်ငံတော်တာဝန်ကို ဝင်ရောက် ထမ်းဆောင်နေရမှုအပေါ် ပုတ်ခတ်တိုက်ခိုက်နေမှုတွေဟာ ပကတိအခြေအနေမှန်ကို အကျိုးအကြောင်းမဲ့စွာ ဆန့်ကျင်မှုသက်သက်သာ ဖြစ်ပါတယ်။

ဒီကနေ့လို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော် ထူထောင်သွားနေတဲ့ အချိန်အခါမျိုးမှာ အမှန်တကယ် ဒီမိုကရေစီထွန်းကားရေးကို လိုလားတယ်ဆိုရင် စီးပွားရေးကုန်ထုတ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံလူမှုဘဝ အဆင့်အတန်းတွေ မြင့်မားတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး အသိတရားပြည့်ဝစွာ ဆင်ခြင်တုံတရား လက်ကိုင်ထားလာနိုင်ရေး၊ ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ရရှိရေးကိုသာ ရှေးရှုပြီး တပ်မတော်၊ ပြည်သူနဲ့ နိုင်ငံရေးပါတီအဖွဲ့အစည်းတွေ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းလက်တွဲ ကြိုးပမ်းသွားကြဖို့ပဲ ဖြစ်ပါတယ်။

ဒီအပေါ် မျက်ကွယ်ပြုပြီး အနောက်ဥရောပ ဒီမိုကရေစီကို ချက်ချင်းပုံတူကူးလိုတဲ့ ပါတီအဖွဲ့အစည်းတွေက တည်ဆဲ တပ်မတော်အစိုးရအပေါ် ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးလမ်းစဉ်ကို ချမှတ်ကျင့်သုံးလာခဲ့ကြပါတယ်။ မိမိတို့လူမှုဘဝနဲ့အညီ ဒီမိုကရေစီနိုင်ငံထူထောင်မှုကို ဆန့်ကျင်ပြီး အနောက်ဒီမိုကရေစီပုံတူကူးရေးကိုသာ တစိုက်မတ်မတ်တောင်းဆိုလာခဲ့ကြပါတယ်။ ပြည်ပအနောက်နိုင်ငံတွေအပေါ် အားကိုးပြီး တည်ဆဲတပ်မတော်အစိုးရကို အဆိုးမြင်ဝါဒကျင့်သုံးလာခဲ့ကြပါတယ်။ အမေရိကန်နှင့် အနောက်အုပ်စု အပေါင်းပါနိုင်ငံတွေကလဲ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့အရေးယူမှုတွေ တိုးမြှင့်ပြီး အဲဒီလို အနောက်မျှော် ပါတီအဖွဲ့အစည်းတွေကိုသာ တစ်ဖက်စောင်းနင်းအားပေးထောက်ခံနေကြပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီ အဖွဲ့အစည်းအချို့ဟာ အစိုးရနဲ့ တင်းမာမှုတွေ ဖြစ်လာခဲ့ရပါတယ်။ အမျိုးသား သင့်မြတ်စည်းလုံးရေးကို ကျောခိုင်းခဲ့ကြ ပါတယ်။

အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါတွေအနေနဲ့ သူတို့ရဲ့ စီးပွားရေးပိတ်ဆို့မှုကြောင့် အကျပ်အတည်းကြုံလာရင် ဒီမိုကရေစီအုံကြွမှုကြီး ဖြစ်ပေါ်လာမယ်လို့ မျှော်လင့်နေရင်တော့ ဒါဟာ အလွန်လွဲမှားပါတယ်။ အဲဒီလိုစီးပွားရေးအကျပ်ဆိုက်လာတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်မှာ ဒီမိုကရေစီနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တဲ့ မင်းမဲ့စရိုက်ဆိုးတွေသာ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ စီးပွားရေးကျပ်တည်းနေတဲ့ လူ့အဖွဲ့အစည်းတစ်ရပ်မှာ အသိပညာလေ့လာ လိုက်စားမှုတွေ၊ ကိုယ်ကျင့်တရား ပြည့်ဝမှုတွေနဲ့စည်းကမ်းသေဝပ်မှုတွေ မရှိနိုင်လို့ ဖြစ်ပါတယ်။

အခုလို အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါ နိုင်ငံအချို့က လက်ရှိ ကျင့်သုံးနေတဲ့ နိုင်ငံတစ်ရပ်အပေါ် စီးပွားရေး ပိတ်ဆို့အရေးယူမှုတွေ အောင်မြင်မှုရဖို့အတွက် ဒီနေ့ကမ္ဘာပေါ်မှာ ကာလဒေသ ပတ်ဝန်းကျင်မျိုးမရှိတော့ပါ။ ဒီကနေ့ခေတ်ဟာ ကမ္ဘာ့ဈေးကွက်ကြီးကို အင်္ဂလန်တစ်နိုင်ငံတည်းက ခြယ်လှယ်လွှမ်းမိုးထားနိုင်တဲ့ခေတ်မျိုး၊ အမေရိကန်တစ်နိုင်ငံတည်းက ခြယ်လှယ်လွှမ်းမိုးထားနိုင်တဲ့ခေတ်မျိုး မဟုတ်တော့ပါ။ ကမ္ဘာ့တိုက်ကြီးတွေရဲ့ ဒေသအသီးသီးမှာ စက်မှုအရင်းရှင် နိုင်ငံကြီးငယ်တွေ ပေါ်ပေါက်လာနေကြပြီဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာပေါ်မှာ အမေရိကန်ပြည်ထောင်စုရယ်၊ ဥရောပသမဂ္ဂနိုင်ငံများရယ်၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ အာဆီယံနိုင်ငံများရယ်လို့ ကမ္ဘာ့အရင်းရှင်အုပ်စု သုံးပွင့်ဆိုင် တည်ရှိနေပြီ ဖြစ်ပါတယ်။ ဒီကမ္ဘာ့အရင်းရှင်အုပ်စု သုံးပွင့်ဆိုင်ဟာ နိုင်ငံတကာ ပြဿနာတွေအပေါ် ချဉ်းကပ် ဖြေရှင်းရာမှာ သူ့မူ၊ သူ့ဟန်နဲ့ ကွဲပြားခြားနားစွာ ကျင့်သုံးနေကြပြီဖြစ်ပါတယ်။

မြန်မာနိုင်ငံအပေါ် အမေရိကန်နဲ့ ဥရောပသမဂ္ဂနိုင်ငံအချို့က စီးပွားရေးပိတ်ဆို့အရေးယူပေမယ့် အာဆီယံ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတွေနဲ့ အာရှနိုင်ငံတွေက မြန်မာနိုင်ငံအပေါ် အပြုသဘော ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

ဒါပေမယ့် အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါ နိုင်ငံအချို့ကတော့ သူတို့ ဩဇာခံဖြစ်ရေးအတွက် တစ်ပါးနိုင်ငံများအပေါ် အင်အားသုံးကျူးကျော်မှု၊ တစ်ပါးနိုင်ငံများရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှု၊ သွေးခွဲသပ်လျှိုမှုတွေကို နည်းပေါင်းစုံနဲ့ ကျင့်သုံးလျက် ရှိပါတယ်။

ဥပမာ–တစ်ခုပြရမယ်ဆိုရင် ဆွီဒင်နိုင်ငံက အဲလ်ဖရက်နိုဘယ်လ်ရဲ့ နှစ်စဉ်ရွေးချယ်ပေးတဲ့ ပညာရပ်ဆိုင်ရာဆုများအပြင် နော်ဝေနိုင်ငံက ရွေးချယ်ပေးသော ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကိုရော ဆွီဒင်နိုင်ငံက ရွေးချယ်ပေးတဲ့ ပညာရပ်ဆိုင်ရာနဲ့ စာပေဆုကိုပါ အမေရိကန်က ဝင်ရောက်စွက်ဖက် ခြယ်လှယ်နေပါတယ်။

သိပ္ပံပညာရပ်၊ ဆေးပညာရပ်၊ ဘောဂဗေဒပညာရပ် ဆုအများစုကို အမေရိကန်တွေပဲ ရရှိအောင်၊ တစ်ချိန်က ဆိုဗီယက်နဲ့ အခြားဆိုရှယ်လစ်နိုင်ငံတွေက မရရှိအောင်၊ စာပေဆု၊ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုတွေကို အမေရိကန် စီအိုင်အေရဲ့ အလိုကျ လိုက်နာလုပ်ရှားသူများ၊ အထူးသဖြင့် အမေရိကန်တို့ မလိုလားတဲ့ နိုင်ငံအစိုးရများကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ အတိုက်အခံတွေ ရရှိအောင် စီအိုင်အေက ဖန်တီးကြိုးကိုင်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံမှာ တပ်မတော်အစိုးရရဲ့ အမျိုးသားသင့်မြတ်စည်းလုံးရေးအတွက် ကြိုးပမ်းမှုတွေကို နိုင်ငံရေးပါတီ အဖွဲ့အစည်းအချို့က ဆန့်ကျင်နေတာဟာလဲ အမေရိကန်နဲ့ အနောက်အုပ်စုအပေါင်းပါ နိုင်ငံအချို့ရဲ့ တစ်ဖက်သတ်စွက်ဖက်မှုနဲ့ အားပေးအားမြှောက်ပြုနေမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။

ဘယ်လိုပင်ဖြစ်ပါစေ၊ တပ်မတော်အစိုးရကတော့ သမိုင်းသင်ခန်းစာတွေကို ရယူပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ အမျိုးသားသင့်မြတ်စည်းလုံးရေး ကြိုးပမ်းမှုဖြင့် မဆုတ်မနစ် မဖြစ်မနေ ထူထောင်သွားမှာသာ ဖြစ်တယ်ဆိုတာကို တွေ့မြင်နေရကြောင်း တင်ပြလိုက်ရပါတယ်။ ။

ဒီကနေ့လို ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော် ထူထောင်သွားနေတဲ့ အချိန်အခါမျိုးမှာ အမှန်တကယ် ဒီမိုကရေစီထွန်းကားရေးကို လိုလားတယ်ဆိုရင် စီးပွားရေးကုန်ထုတ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အခြေခံလူမှုဘဝ အဆင့်အတန်းတွေ မြင့်မားတိုးတက်ရေး၊ ပြည်သူလူထု တစ်ရပ်လုံး အသိတရားပြည့်ဝစွာ ဆင်ခြင်တုံတရား လက်ကိုင်ထားလာနိုင်ရေး၊ ဒီမိုကရေစီ အလေ့အကျင့်ကောင်းများ ရရှိရေးကိုသာ ရှေးရှုပြီး တပ်မတော်၊ ပြည်သူနဲ့ နိုင်ငံရေးပါတီ အဖွဲ့အစည်းတွေ တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းလက်တွဲ ကြိုးပမ်းသွားကြဖို့ပဲ ဖြစ်ပါတယ်။

နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ မြန်မာ–တရုတ် ဒုတိယဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာ–တရုတ် ဒုတိယဝန်ကြီးအဆင့် နယ်စပ်ဒေသအေးချမ်းသာယာမှု တည်ဆောက်ရေးနှင့်နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက် ၉နာရီက ရန်ကုန်မြို့ Grand Plaza Park Royal Hotel ၌ ကျင်းပရာ အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ၃၀၊ တရုတ်ကိုယ်စားလှယ် အဖွဲ့ဝင် ၂၂ဦးတို့ တက်ရောက်ကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Zhao Yongji တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံ ကိုယ်စားလှယ်များအား အုပ်စုသုံးစုခွဲပြီး ဆွေးနွေးကြသည်။ ယင်းသို့ ဆွေးနွေးရာတွင် ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ဝင်းမြိုင်နှင့် တရုတ်နိုင်ငံ နယ်စပ် ထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Chen Weiming ခေါင်းဆောင်သော အုပ်စု(၁)သည် နယ်စပ်ဒေသ စစ်ဆေးရေးစခန်းများ စီမံခန့်ခွဲမှု တိုးမြှင့်ရန်နှင့် ကြိုတင်ကာကွယ်ရေး၊ ဒုစရိုက်သမားများ ဝင်ထွက်မှု တားဆီးကာကွယ်ရေး၊ ကမ္ဘာလှည့် ခရီးသည်များ၏ လုံခြုံရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေး တို့ကိုလည်းကောင်း၊ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးဌာန ဌာနမှူးရဲမှူးကြီးခမ်းအောင်နှင့် တရုတ်နိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Li Yuan Zheng ခေါင်းဆောင်သော အုပ်စု(၂)သည် မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုတားဆီးနှိမ်နင်းရေးနှင့်ကြိုတင်ကာကွယ်ရေး၊လက်နက်ခဲယမ်းနှင့် ပေါက်ကွဲစေတတ်သော ပစ္စည်းများတရားမဝင် သယ်ဆောင်မှု တိုက်ဖျက်ရေးနှင့် ကြိုတင် ကာကွယ်ရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ကြိုတင်ကာကွယ်ရေးတို့ကို လည်းကောင်း၊ နိုင်ငံဖြတ်ကျော် မှုခင်းဌာနဌာနမှူး ရဲမှူးကြီး စစ်အေးနှင့် တရုတ်နိုင်ငံ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Zhang Jufeng ခေါင်းဆောင်သောအုပ်စု(၃)သည် ရဲတပ်ဖွဲ့ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ လေ့ကျင့်ရေးနှင့် သင်တန်းများ၊ နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေးအရာရှိများ ထားရှိရေး၊ အရေးပေါ် ဆက်သွယ်မည့်ဌာန သတ်မှတ်ပေးရေး၊ စီးပွားရေးမှုခင်း၊ Money Laundering၊ လောင်းကစားမှုထိန်းချုပ်ရေး၊ ငွေတုပြုလုပ်မှုများ ကာကွယ်ရေးတို့ကို လည်းကောင်း ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အရှည်တည်တံ့ရေး အထောက်အကူပြု ဆွေးနွေးပွဲ အမှတ်စဉ် (၄/၂၀၀၄) ဖွင့်ပွဲကို ဇန်နဝါရီ ၉ရက်က သာကေတမြို့နယ် ၄/တောင် ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးတွင် ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးစံညွှန့်က အဖွင့်အမှာစကား ပြောကြားစဉ်။ (က–ပ)

ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်နိုင်ရေးကြိုးပမ်းလျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့သည် ဇန်နဝါရီ ၉ ရက်တွင် မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျဉ်းမနားမြို့အရှေ့ဘက် ၁၀ မိုင်ခန့်အကွာရှိ ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းသို့ ရောက်ရှိကြပြီး တည်ဆောက်နေသည့် စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဝန်ကြီးများအား စီမံကိန်း ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူး ဦးဗစ်တာက ပင်မကျောက် ဖြည့်တမံနှင့် ရေပိုလွှဲ တည်ဆောက်မှု လုပ်ငန်းများ၏ ပြီးစီးမှုအခြေအနေနှင့် သတ်မှတ်အမြင့်ပေ ရောက်ရှိရန် ပင်မတမံ ကျောက်ဖြည့်လုပ်ငန်းတို့ကို လည်းကောင်း၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် ဝန်ကြီးများသည် တစ်နှစ်ပတ်လုံး ဆည်ရေသိုလှောင်နိုင်သည့် အခြေအနေ၊ စီးဝင်သည့်ရေပမာဏ၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးအတွက် ရေအသုံးပြုမည့်အခြေအနေတို့ကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကြသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီး ဦးမျိုးမြင့်တို့သည် ရှုရပ်မှ ရေလှောင်တမံနှင့် ရေသိုလှောင်ထားမှုတို့ကိုကြည့်ရှုစစ်ဆေးကြသည်။

တမံကြံ့ခိုင်မှု

ထို့နောက် ဝန်ကြီးများသည် ဆည်မြောင်းဦးစီးဌာနကတည်ဆောက်နေသည့် ကျောက်ဖြည့် ပင်မတမံတွင် သတ်မှတ် RL ပြည့်မီရန် ကျောက်ဖြည့်မှုလုပ်ငန်းနှင့် တမံ၏ ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လုပ်ငန်းများ အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ သေသပ် ခိုင်ခံ့မှုရှိရေး၊ လေလွင့်ဆုံးရှုံးမှု မရှိရေး၊ လုပ်ငန်းတိုင်းတွင် ခြိုးခြံချွေတာရေးတို့ကို မှာကြားကြသည်။

ဆက်လက်၍ ဝန်ကြီးများသည် ရေပိုလွှဲတည်ဆောက်မှုလုပ်ငန်းတွင် စက်အင်အားဖြင့် ဆောင်ရွက် နေသော လုပ်ငန်းများကို ကြည့်ရှုကြပြီး ပင်မတမံအမြင့်ပိုင်းမှနေ၍ ပင်မတမံအခြေရှိ မြေအောက် ဓာတ်အားပေးစက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဓာတ်အားထိန်းချုပ်ခန်း

ယင်းနောက် ဝန်ကြီးများသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနက တည်ဆောက်နေသည့် မြေအောက်ဓာတ်အားပေးစက်ရုံ၊ တာဘိုင်စက်သုံးလုံး တပ်ဆင်ပြီးစီးမှု၊ ကျန်ရှိသည့် အမှတ်(၁) တာဘိုင်စက် တပ်ဆင်နေမှုလုပ်ငန်းနှင့် ဓာတ်အားထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

လျှပ်စစ်ဓာတ်အား

ပေါင်းလောင်းဘက်စုံရေလှောင်တမံစီမံကိန်းသည် လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက ပေါင်းလောင်းမြစ်ပေါ်တွင် ရေသိုလှောင်နိုင်ရန် အလျားပေ ၃၁၀၀၊ အမြင့် ပေ ၄၃၀၊ ထိပ်ဝအကျယ် ၄၆ ပေရှိသည့် ကျောက်ဖြည့်အမျိုးအစား ပင်မတမံနှင့် အလျား ၁၆၀၈ ပေ၊ အကျယ် ပေ ၄၁၀ ရှိသည့် ရေပိုလွှဲ၊ ဆည်ရေသောက်စနစ်တို့ကို တည်ဆောက်လျက်ရှိပြီး လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနက မြေအောက်ဓာတ်အားပေးစက်ရုံများမှတစ်ဆင့် တစ်လုံးလျှင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၀ ထုတ်လုပ်ပေးနိုင်သည့် စက်လေးလုံး တပ်ဆင်၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်နိုင်ရန် လုပ်ငန်းများ ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် ပေါင်းလောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးကြစဉ်။

(လယ်ယာ/ဆည်မြောင်း)

စစ်ကိုင်းနှင့်မန္တလေးတိုင်း သစ်တောရေးရာလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ တမူးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းဇော်နှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ နယ်စပ်ဒေသ သစ်ထုတ်လုပ်ရေးလုပ်ငန်းများ၊ တရားမဝင်သစ်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ပတ်သက်ပြီး ရှင်းလင်းမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တမူးမြို့နယ်အတွင်းရှိ မန်မော်သစ်ဆိပ်၊ နန်ကတိတ်သစ်ဆိပ်၊ ကလေးမြို့နယ်အတွင်းရှိ စော်ဘွားရေရှင်သစ်ဆိပ်၊ နန်းကျိုလှော်သစ်ဆိပ်၊ ငါးဆယ်ငါးမိုင်သစ်ဆိပ်၊ စုံလာမြိုင်သစ်ဆိပ်များသို့ သွားရောက်စစ်ဆေးသည်။ ထို့နောက် ကလေးမြို့နယ် ဘုန်းကြိုးဝိုင်းရှိ အကွက်အမှတ်(၈၁) တောတွင်းသစ်ထုတ်ရေးစခန်းသို့ သွားရောက်ပြီး သစ်ထုတ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ကလေးမြို့ရှိ ချင်းပြည်နယ်သစ်ထုတ်ရေးဒေသရုံး၊ အမှတ်(၁၂၃)သစ်စက်၊ မြို့နယ်နှင့် ခရိုင် သစ်တောဦးစီးဌာနမှူးရုံးများ၊ ကျိကုန်းရှိ အမှတ်(၁၁)သစ်စက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မင်းကင်းမြို့နယ် မုံရွာသစ်ထုတ်ရေးဒေသ တောင်တွင်းပေါက်နယ် ထုံးကြီးစခန်းရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ခံများက သစ်တောများ ထိန်းသိမ်းကာကွယ်ထားရှိမှု၊ စိုက်ခင်းများ တည်ထောင်မှုနှင့် သစ်ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ဝန်ကြီးသည် တောင်တွင်းကြိုးဝိုင်း အကွက်အမှတ်(၆–ခ)ရှိ တောတွင်းသစ်ထုတ်ရေးလုပ်ကွက်သို့ ရောက်ရှိပြီး သစ်ထုတ်လုပ်ငန်းဆောင်ရွက်မှု၊ ကားတိုက်ဖြတ်ပိုင်းစခန်းရှိ လုပ်ငန်းဆောင်ရွက်မှု၊ တပ်ချောင်းသစ်ဆိပ်ရှိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၅) အထပ်သားစက်ရုံသို့ ရောက်ရှိရာ စက်ရုံအတွင်း အထပ်သားထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်၊ ထပ်မံတပ်ဆင်မည့် စက်ပစ္စည်းအသစ်များနှင့် ပြည်ပပို့ရန် ထုပ်ပိုးထားသည့် အထပ်သားများကို ကြည့်ရှုစစ်ဆေးသည်။

သစ်ပါးလွှာများကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီးသည် မုံရွာမြို့ရှိ အမှတ်(၁) သစ်ပါးလွှာစက်ရုံသို့ ရောက်ရှိပြီး သစ်ပါးလွှာများ ထုတ်လုပ်မှုအဆင့်ဆင့်နှင့် ပြည်ပပို့ရန် ထုပ်ပိုးပြီး သစ်ပါးလွှာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မုံရွာမြို့နယ် တောင်ခြားကျေးရွာ အရှေ့ဘက် တောင်တန်းရှိ (၁/၂၀၀၄) တောင်တန်းစိုက်ခင်းဧက ၁၀၀ သို့ ရောက်ရှိပြီး စိုက်ခင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ခရီးစဉ်အတွင်း ကြိုးဝိုင်းများမှ သစ်ထုတ်လုပ်မှုအခြေအနေများ၊ စိုက်ခင်းများ၊ သစ်ဆိပ်များ၊ သစ်စက်များ၊ သစ်အချောထည်စက်ရုံများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းလုပ်ငန်းများ အောင်မြင်မှုရှိစေရေး၊ ထိန်းသိမ်းစောင့်ရှောက်သွားရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ခြိုးခြံချွေတာရေးနှင့် ပြည်ပပို့ကုန်လျာထားချက်များ ပြည့်မီရေးတို့နှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား ရှင်းလင်းမှာကြားခဲ့ပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုး သုံးရုံပြိုင်ဝင်လာ Anacondas ဇာတ်ကားနေပြည်တော်ရုံတွင်ပြသ

ရန်ကုန် ဇန်နဝါရီ ၁၃

ယခု သောကြာပတ် ရုပ်ရှင်ကဏ္ဍတွင် မြန်မာဇာတ်ကားသစ် အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုးနှင့် ‘Anacondas’ နိုင်ငံခြားဇာတ်ကားတို့ အပြိုင်ရုံဝင်လာသည်။

ဝတ္ထုမြတ်ချိုမြိန်၊ ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင် ရိုက်ကူးပြီး ကျော်ရဲအောင်၊ ဒွေး၊မင်းဟိတ်၊

‘အချစ်ရဲ့နယ်စပ်အမုန်းရဲ့မြို့ရိုး’ ဇာတ်ကားမှ ဒွေး၊ ကျော်ရဲအောင်နှင့် အိန္ဒြာကျော်ဇင်။

အိန္ဒြာကျော်ဇင်နှင့် နဝရတ်တို့ ပါဝင်ထားသည့် **အချစ်ရဲ့နယ်စပ် အမုန်းရဲ့မြို့ရိုး** ဇာတ်ကား သမ္မတ၊ သွင်၊ မင်္ဂလာနှင့် မန္တလေးမြို့ ဝင်းလိုက်နှင့် မြို့မရုံများတွင် ပြသလျက်ရှိသည်။

ဤဇာတ်ကားတွင် ချမ်းငြိမ်း ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ရန် လာစဉ် ယဉ်မွန်နှင့် ရုတ်တရက် တွေ့ဆုံပြီး မျက်မှန်းတန်းမိသွားသည်။

ချမ်းငြိမ်းမှာ အောင်မွန်နှင့် ခင်မင်ရင်းနှီးမိသလို ယဉ်မွန်အား အောင်မွန်၏ ညီမမှန်းမသိသေးဘဲ စွဲလမ်းသွားခဲ့သည်။ ယဉ်မွန်ကို အောင်မွန်၏ ညီမမှန်းသိလိုက်ချိန်တွင် သူငယ်ချင်း၏ ယုံကြည်မှုကို အလွဲသုံးစား မလုပ်မိအောင် အချစ်ကို ဖွင့်ဟမပြောဘဲ တစ်သက်လုံးနှုတ်ဆိတ်နေရန်ကြိုးစားခဲ့သည်။

သူငယ်ချင်းအပေါ် နားလည်မှုအပြည့်ထားတတ်သော ချမ်းငြိမ်း တစ်ယောက် အချစ်ကို တောင့်တနေသည့် ယဉ်မွန်ကို ဘယ်လို ဖြေသိမ့်မလဲ၊ အမုန်းရဲ့မြို့ရိုးကို ကျော်ဖြတ်ပြီး

Dil Chahta Hai ဇာတ်ကား မှ ဇာတ်ဝင်ခန်း။

ရုပ်ရှင် သတင်းထောက်

အချစ်၏ နယ်စပ်ကို ဘယ်လိုချဉ်းကပ်မလဲ ဆိုသည်ကိုမူ ဆက်လက်ရှုစားကြစေလိုသည်။

နေပြည်တော်ရုံတွင် ဒါရိုက်တာ Dwight Little ရိုက်ကူးပြီး Mirris Cheslnut၊ Johnny Messner တို့ ပါဝင်ထားသည့် **Anacondas** ဇာတ်ကားတွင် ဆေးဝါးကုမ္ပဏီတစ်ခုက သက်ရှည်နုပျိုသော ဆေးတစ်မျိုး ဖော်စပ်ရန် ရှားပါးသော သွေးနီရောင် သစ်ခွရှာဖွေဖို့ ဘော်နီယိုကျွန်းသို့ ထွက်ခွာရာ လမ်းခရီးအန္တရာယ်အမျိုးမျိုး ကျော်ဖြတ်ကာ လူသားစား အင်နာကွန်ဒါ မြွေတွင်းအထက်ရှိ သစ်ခွပန်းများ အသက်လု၍ ရယူပုံကို ထိတ်လန့်တုန်လှုပ်ဖွယ် စိတ်ဝင်စားအောင် ရိုက်ကူးထားသည့် ဇာတ်ကား ဖြစ်သည်။

လမင်းမိုမို၏ဝတ္ထုကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့ ရိုက်ကူးပြီး ရာဇာနေဝင်း၊ ခန့်စည်သူနှင့် ထက်ထက်မိုးဦးတို့ ခေါင်းဆောင်ပါဝင်ထားသည့် **လက်တွဲဖော်** ဇာတ်ကား ရွှေဆောင်ရုံ၌ ဝင်လာသည်။

ရွှေဂုန်အဆင့်မြင့်ရုံတွင် Aamir Khan၊ Saif Alkhan၊ Akshaye Khanna နှင့် Preity Zinta တို့ ပါဝင်ထားသည့် Dil Chahta Hai ဇာတ်ကား ပြသလျက်ရှိသည်။

ဒါရိုက်တာ Abbas Mustan ရိုက်ကူးပြီး ဘော်ဘီဒိုးလ်၊ အက်ရှေးခန်နာ၊ (ကပဟိုးနားမင်းသမီး) အမီရှားပတေးလ်တို့ ခေါင်းဆောင်ပါဝင်ထားသည့် Humraaz ဇာတ်ကား မြို့မအဆင့်မြင့်ရုံတွင် ပြသလျက်ရှိသည်။

ဒါရိုက်တာ မောင်မျိုးမင်း ရိုက်ကူးပြီး လွင်မိုး၊ ဇာဂနာ၊ မင်းဟိတ်၊ သျှားညို၊ အိန္ဒြာကျော်ဇင်နှင့် မေသဉ္ဇာဦးတို့ ပါဝင်သော **ငိုအားထက် ရယ်အားသန်** ဇာတ်ကား မကြာမီ ရုံဝင်လာမည် ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

‘ငိုအားထက် ရယ်အားသန်’ ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

❒ *ကျောဖုံးမှ*

အောင်မြင်မှုမှတ်တိုင်စိုက်ထူ

မြန်မာ့မြားပစ်သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်လျှင် ၁၉၉၅ ခုနှစ်တွင် ယခုလက်ရှိ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ကို ဦးဆောင်ဖွဲ့စည်းခဲ့ရာ နှစ်တိုကာလအတွင်း အောင်မြင်မှုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ပေသည်။

ဗီယက်နမ်နိုင်ငံတွင်ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အာရှပတ်လည်မြားပစ်ပြိုင်ပွဲကို မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း(ACE ဆောက်လုပ်ရေးကုမ္ပဏီ)က ဦးဆောင်ယှဉ်ပြိုင်ခဲ့ရာ အာရှထိပ်သီး မလေးရှား၊ အင်ဒိုနီးရှားနှင့် ကမ္ဘာ့အဆင့်ရှိ ကိုရီးယားနိုင်ငံတို့အား ကျော်ဖြတ်နိုင်ပြီး ရွှေခုနစ်ခု၊ ငွေခြောက်ခု၊ ကြေးသုံးခုဖြင့် ပြိုင်ဘက်နိုင်ငံများ၏ လေးစားခြင်းခံခဲ့ရသည်။

မြန်မာ့စွမ်းပကားပြသ

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဖွဲ့စည်းခဲ့သည့် သက်တမ်းသည် မကြာသေးသော်လည်း မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့်နိုင်ငံတကာမြားပစ်ပြိုင်ပွဲ၊ ကမ္ဘာ့မြားပစ်ပြိုင်ပွဲများပါဝင်ယှဉ်ပြိုင်ပြီး မြန်မာတို့၏ မြားပစ်စွမ်းပကားကို ကမ္ဘာသို့ ထုတ်ဖော်ပြသနိုင်ခဲ့သည်။

မြန်မာ့မြားပစ်အဖွဲ့ချုပ်သည် နိုင်ငံတကာမြားပစ်ပြိုင်ပွဲ၊ ဖိတ်ခေါ်မြားပစ်ပြိုင်ပွဲများကို ဝင်ပြိုင်ခြင်း၊ နိုင်ငံတကာပြိုင်ပွဲများ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးသည့်အပြင် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းသော သရုပ်ကို ပေါ်လွင်စေပြီး မြန်မာ့မြားပစ်အားကစားနည်းကို ကမ္ဘာသို့သိအောင် ဖော်ထုတ်ပေးလျက်ရှိသည်။

ပြိုင်ပွဲအပြီးတွင် အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ (ဇေကမ္ဘာကုမ္ပဏီလီမိတက်)က "နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် မြန်မာ့အားကစားမြင့်မားတိုးတက်ရေး ရည်မှန်းချက်အောင်မြင်ရန် ရည်ရွယ်ချက်များထားရှိပြီး ၁၉၉၅ခုနှစ်မှစ၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ကို မိမိတာဝန်ယူခဲ့ကြောင်း၊ ယနေ့ကမ္ဘာတွင် တောင်ကိုရီးယားနိုင်ငံသည် နှစ်ပေါင်း၂၀ ကျော်ခန့် ကမ္ဘာ့အိုလံပစ် မြားပစ်ပြိုင်ပွဲများတွင် ကြီးစိုးလျက်ရှိကြောင်း၊ မြန်မာ့မြားပစ် အားကစားနည်း အောင်မြင်နိုင်ရန် လေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိရာ ပြီးခဲ့သည့် ၂၀၀၄ခုနှစ် တတိယအကြိမ်အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိပြီး ယခုအကြိမ်တွင် ထပ်မံ၍ အောင်မြင်မှုသရဖူကို လှမ်းကိုင်နိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ ပြိုင်ပွဲကြီးအား အောင်မြင်စွာကျင်းပနိုင်သည့်အတွက် နိုင်ငံတော်နှင့် ဝိုင်းဝန်းပံ့ပိုးကူညီသူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ပြိုင်ပွဲဝင်နိုင်ငံများက မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှု၊ ညှော့်ဝတ်ကျေပွန်မှုမှာ အခြားနိုင်ငံများနှင့်မတူကြောင်း ချီးမွမ်းစကားပြောကြားကြကြောင်း၊ ပြိုင်ဘက်နိုင်ငံများနှင့် နိုင်ငံတကာ ဖိတ်ကြားထားသူများ၏ ချီးကျူးခြင်းကို ခံရ၍ အားလုံးကိုကျေးဇူးတင်ရှိပါကြောင်း" ဖြင့် မြန်မာ့အလင်းသို့ အကျယ်တဝင့် ရှင်းလင်းပြောကြားသွားသည်။ ။

(မြန်မာ့အလင်း)

ပအိုဝ်းအမျိုးသား ဘောလုံးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်က အလွတ်တန်းပြိုင်ပွဲ ပထမဆုရ ခွန်ပအိုဝ်းအသင်းအား တံခွန်စိုက်ဆုဖလားချီးမြှင့်ရာ အသင်း အုပ်ချုပ်သူ ဦးခွန်ဝင်းကိုက လက်ခံရယူစဉ်။ (မြန်မာ့အလင်း)

ဒေသပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲ ခွန်ပအိုဝ်းအသင်းက ပင်လုံအသင်းကို တစ်ဂိုးအသာဖြင့်နိုင်

ရန်ကုန် ဇန်နဝါရီ ၁၃

၂၀၀၄-၂၀၀၅ ခုနှစ် ပဋ္ဌမအကြိမ် ပအိုဝ်းအမျိုးသား ဘောလုံးအဖွဲ့ ဥက္ကဋ္ဌဖလားဒေသပေါင်းစုံ အလွတ်တန်းဘောလုံးပြိုင်ပွဲနှင့် ဆဋ္ဌမအကြိမ် ကန်တော်ကြီးဒေသ ဥက္ကဋ္ဌဖလား ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ၉ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ကျောက်တစ်လုံးကျေးရွာ နောင်ကားဘောလုံးကွင်းတွင် ကျင်းပသည်။

အနိုင်ရဗိုလ်စွဲ

နံနက်ပိုင်း ဗိုလ်လုပွဲစဉ်အဖြစ် ကန်တော်ကြီးဒေသ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို ကျင်းပရာ ဆောင်းမိုးအသင်းက နောင်ကားအသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။ ယင်းပွဲတွင် အကောင်းဆုံးဂိုးသမားဆုကို ခွန်သန်းထွန်း(ဆောင်းမိုးအသင်း)၊ နောက်တန်းအကောင်းဆုံးဆုကို ခွန်ချစ်ထူး(နောင်ကားအသင်း)၊ အလယ်တန်းအကောင်းဆုံးဆုကို ခွန်သိန်းထိုက်(ဆောင်းမိုးအသင်း)၊ရှေ့တန်း အကောင်းဆုံးဆုကို ခွန်ဖိုးထွန်း(ဆောင်းမိုးအသင်း)တို့က ရရှိပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုကို ခွန်ကျော်ကျော်(နောင်ကားအသင်း)တို့က ရရှိကြသည်။

ဆုချီးမြှင့်

ညနေပိုင်း ဗိုလ်လုပွဲစဉ်အဖြစ် ဒေသပေါင်းစုံအလွတ်တန်း ဘောလုံးပြိုင်ပွဲကို ကျင်းပရာ ခွန်ပအိုဝ်းအသင်းက ပင်လုံအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ယင်းပွဲတွင် အကောင်းဆုံး ဂိုးသမားဆုကို ကျော်မင်းနိုင် (ခွန်ပအိုဝ်းအသင်း)၊ နောက်တန်း အကောင်းဆုံးဆုကို မင်းကြည်(ခွန်ပအိုဝ်းအသင်း)၊အလယ်တန်းအကောင်းဆုံးဆုကို ချစ်သဲ(ခွန်ပအိုဝ်းအသင်း)၊ ရှေ့တန်းအကောင်းဆုံးဆုကို အောင်မိုးဦး(ပင်လုံအသင်း) တို့က ရရှိပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုကို စိန်ညို(ကျောက်တစ်လုံးအသင်း)က ရရှိသည်။ ဆုများကို ပအိုဝ်း အမျိုးသား ဘောလုံးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးပီတာထွန်းနိုင်နှင့် တာဝန်ရှိသူများက ချီးမြှင့်ကြကြောင်းသိရသည်။**(က-ပ)**

Recurve အမျိုးသားအသင်းလိုက် မြားပစ်ပြိုင်ပွဲနှင့် အမှတ်ပေးပြိုင်ပွဲ ရှုံးထွက်ပြိုင်ပွဲများတွင် ရွှေ၊ငွေ၊ကြေး ရရှိသည့် မြန်မာအသင်းအား ဆုယူအပြီး တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား

ကားရင်းဖလား ဆီမီးဖိုင်နယ် ပထမအကျော့ ချယ်လ်ဆီးနှင့် မန်ယူတို့ ဂိုးမရှိသရေကျ

လန်ဒန် ဇန်နဝါရီ ၁၃

ကားရင်းဖလားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် အင်္ဂလိပ်ပရီးမီးယားလိဂ် ထိပ်သီးအသင်းများဖြစ်သော ချယ်လ်ဆီးနှင့် မန်ချက်စတာ ယူနိုက်တက်အသင်းတို့ ချယ်လ်ဆီကွင်း စတန်းဖို့ဒ်ဘရစ်ခ်၌ ဇန်နဝါရီ ၁၂ရက်က ယှဉ်ပြိုင်ကစားရာ ဂိုးမရှိ သရေပွဲကျခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ဘက်နှစ်သင်းဖြစ်သည့်အတွက်နှစ်သင်းစလုံး လူစုံနီးပါးထုတ်ကစားခဲ့ရာ ချယ်လ်ဆီးရှေ့တန်းတွင် ဂုဒ်ဂျွန်ဆင်၊ ကာဒိုဆို၊ ဒရော့ဘာတို့ထားပြီး ကစားသလို မန်ချက်စတာကလည်း ရှေ့တန်းတွင် လူးဗုစ်ဆာယာနှင့် ရွှန်နေ၊ ဘယ်ညာတောင်ပံတွင် ရိုနယ်ဒိုနှင့် ဖော်ကျွန်း တို့ကိုထားပြီး ကစားခဲ့သော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်ခဲ့ရသည်။ ယခုပွဲတွင် ချယ်လ်ဆီးမှ ဒရော့ဘာ၊ မန်ယူမှ ဟိန့်ဇ်နှင့် ရော်နယ်ဒိုတို့ အဝါကတ်အပြခံခဲ့ရသည်။

(အင်တာနက်)

ကားရင်းဖလား ဆီ မီး ဖိုင် နယ် ပထမ အကျော့ ပွဲစဉ် အဖြစ် ချယ်လ် ဆီး နှင့် မန် ချက် စ တာ ယူ နိုက် တက် အသင်းတို့ ယှဉ်ပြိုင် ကစားသည့် ပွဲတွင်ချယ်လ်ဆီးမှဂျိုးကိုး(ယာ)နှင့် မန်ယူမှ ဟိန့်ဇ်တို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်ပွဲများကစား

ရောမ ဇန်နဝါရီ ၁၃

ကိုပါအီတာလီယာဖလား ကွာတား ဖိုင်နယ်ပွဲစဉ်များကို ဇန်နဝါရီ၁၂ရက်က ယှဉ်ပြိုင်ကစားရာ အင်တာမီလန်က ဘိုလော့နာကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ အင်တာမီလန်အတွက် အနိုင်ဂိုး သုံးဂိုးစလုံးကို မာတင်စ်တစ်ဦးတည်း သွင်းယူခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်သည် အတ္တလန်တာနှင့် ဂျူဗင်းတပ်စ်အသင်းတို့ပွဲကစားပြီးနောက် အနိုင်ရရှိသည့် အသင်းနှင့် ကစားရမည်ဖြစ်သည်။

ဖီအိုရင်တီးနားနှင့် ပါးမားအသင်းတို့ပွဲတွင် ဖီအိုရင်တီးနားအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဖီအိုရင်တီးနားသည် ဆီနာနှင့် အေအက်စ်ရိုးမားအသင်းတို့ပွဲ ကစားပြီးနောက် အနိုင်ရသည့်အသင်းနှင့် ကစားရမည်ဖြစ်သည်။

အေစီမီလန်နှင့် ပါလာမာမိုအသင်းတို့ပွဲတွင် အေစီမီလန်က နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ **အမ်အင်အေ၊ရိုက်တာ**

ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုဇယား

(၁၁-၁-၂၀၀၅ရက်မှ ၁၃-၁-၂၀၀၅ရက်အထိ)

စဉ်	နိုင်ငံ	အမျိုးသား Compound			အမျိုးသမီး Compound			အမျိုးသား Recurve			အမျိုးသမီး Recurve			စုစုပေါင်း		
		ရွှေ	ငွေ	ကြေး	ရွှေ	ငွေ	ကြေး	ရွှေ	ငွေ	ကြေး	ရွှေ	ငွေ	ကြေး	ရွှေ	ငွေ	ကြေး
၁။	မြန်မာ	၄	၂	၄	၄	၂	၂	၁	၁	၂	-	-	၂	၉	၅	၁၀
၂။	မလေးရှား	-	-	-	-	-	-	၃	-	၂	၄	၁	၂	၇	၁	၄
၃။	အင်ဒိုနီးရှား	-	-	-	-	-	-	-	၃	-	-	၃	-	-	၆	-
၄။	ထိုင်း	-	၂	-	-	-	-	-	-	-	-	-	-	-	၂	-
၅။	ဗီယက်နမ်	-	-	-	-	၂	-	-	-	-	-	-	-	-	၂	-
၆။	လာအို	-	-	-	-	-	-	-	-	-	-	-	-	-	-	-

ရွှေပြည်ဟိန်း ဇီဝိတဒါနအလှူ

ရန်ကုန် ဇန်နဝါရီ ၁၃

ရန်ကင်း၊ ပြည်သာယာ၊ ရွှေပြည်ဟိန်း ကျောင်း၌ ဖွင့်လှစ်သော ဇီဝိတဒါန ကုသိုလ်ဖြစ်ဆေးခန်းတွင် လူမျိုးဘာသာမရွေး ဝေဒနာရှင်များအား လိုအပ်သောဆေးဝါးများ ပံ့ပိုးလှူဒါန်းရန်အတွက် ရွှေပါရမီ အရှင်ဆန္ဒာဓိက ဆရာတော်၏ သက်တော်(၃၇)နှစ်မြောက်ဖြစ်သော ဇန်နဝါရီ ၉ရက်က အလှူတော် ငွေကျပ်နှစ်သိန်းနှင့် ရဟန်းမယ်တော်ကြီး ဒေါ်ခင်စောတင့် (စာရေးဆရာမ)ကအလှူငွေကျပ်နှစ်သောင်းကိုရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

(က-ပ)

*** ကျောဖုံးမှ**

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်နှင့်တာဝန်ရှိသူများက ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် လှူဖွယ်ပစ္စည်းများကိုဆရာတော်သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးက စေတီတော် တည်ဆောက်ခဲ့ကြသော ဗိသုကာ ပညာရှင်များကိုယ်စား အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ဗိသုကာပညာရှင် အင်ဂျင်နီယာများ၏ကိုယ်စား အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက ရန်အောင်မြင် ရေးပေါင်း ဆုတောင်းပြည့် စေတီတော်မြတ်ကြီးအား ဘုရားဒါယကာ ဒါယိကာမများထံ ပြန်လည်အပ်နှံသည်။

ဆက်လက်၍ မြို့နယ်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် လားရှိုးမြို့ ခါးရိုးပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုမနထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆင်းတုတော်များပင့်ဆောင်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးအမှူးပြုသော ဘုရားဒါယကာများက စေတီတော်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံအဆင့်ဆင့်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ပင့်ဆောင်၍ ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံလျက် စေတီတော်ကြီးကို လက်ယာရစ်တစ်ပတ်လှည့်လည် ပူဇော်၍ ဆင်းရွှေလီ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား အထက်ဌာပနာတိုက်အတွင်း ထည့်သွင်းပူဇော်သည်။

ရွှေမိုးငွေမိုးရွာ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် တာဝန်ရှိသူများက ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်၊စိန်ဖူးတော်တို့ကို ဆင်းရွှေလီ မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်၍ အမွှေးနံ့သာရည်များပက်ဖျန်းပြီး စေတီတော်အထွတ်သို့ ပင့်ဆောင်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က မင်္ဂလာအချိန်တွင် ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ပေး၍ ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။

ရေစင်သွန်းလောင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စေတီတော်ကြီး၏ ရင်ပြင်အတွင်း စိုက်ပျိုးထားသော မဟာဗောဓိပင်ပျိုအား မြေဆီလွှာ မြေဩဇာများထည့်သွင်း၍ ရေစင်သွန်းလောင်း ပူဇော်ကြပြီး ဗောဓိပင်ကို ပူဇော်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စေတီတော်ကြီး၏ထောင့်လေးထောင့်၌ ပူဇော်ထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ပန်း၊ ဆီမီး၊ အမွှေးနံ့သာတိုင်များ ကပ်လှူ၍ ဖူးမြော်ကြည်ညိုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့်တာဝန်ရှိသူများ လိုက်ပါလျက် လားရှိုးမြို့ ဆင်းရွှေလီဘိုးဘွားဗိမာန်သို့ရောက်ရှိရာ ဆင်းရွှေလီဘိုးဘွားဗိမာန် ပင်မဆောင်နှင့် သုံးခန်းတွဲ ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းအတွက် စုစုပေါင်း ကုန်ကျငွေကျပ် သိန်း၁၅၅၀ ကို အလှူရှင် ဦးသန်းဝင်းမိသားစုက ပေးအပ်လှူဒါန်းပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ဆင်းရွှေလီဘိုးဘွားဗိမာန် စတင်တည်ထောင်သူ ဂုဏ်ထူးဆောင်နာယက ဒေါက်တာကမ္ဘောဇခင်လှိုင်က ဆင်းရွှေလီဘိုးဘွားဗိမာန် အဆောက်အအုံများနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်ထံ လွှဲပြောင်းပေးအပ်ပြီး ဒေါက်တာကမ္ဘောဇခင်လှိုင်က ဆင်းရွှေလီဘိုးဘွားဗိမာန် ဖြစ်ထွန်းပေါ်ပေါက်လာပုံ သမိုင်းအကျဉ်းနှင့် ရေရှည်တည်တံ့စေရေး အတွက် ဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့်ဇနီးတို့က ဆင်းရွှေလီဘိုးဘွားဗိမာန်ရှိ အဘိုး၁၀ဦး၊အဘွား၁၇ဦးတို့အတွက် အနွေးထည်၊ ခြုံထည် အသုံးအဆောင်ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ဆင်းရွှေလီဘိုးဘွားဗိမာန် တိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် အမှာစကားပြောကြား၍ အဘိုးအဘွားများအား နေ့လယ်စာ အာဟာရ တည်ခင်းဧည့်ခံမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့် အဖွဲ့သည် လားရှိုးမြို့ ရေပူစမ်း ကျေးရွာ၌ ပြည်နယ် ရဲတပ်ဖွဲ့၏ ဆင်းရွှေလီ အထွက်တိုး စပ်မျိုးနှမ်းစပါးနှင့် ဆန်မွှေး စိုက်ပျိုးမည့်နေရာသို့ ရောက်ရှိကြရာ တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်နှင့်တာဝန်ရှိသူများက ဆင်းရွှေလီစပ်မျိုးစပါး တစ်ဧကတင်း ၂၀၀ ထွက်ရှိသည့် နှမ်းစပါး ငါးဧကစာ ပျိုးထောင်ထားရှိမှုနှင့် အထွက်ကောင်း ဆင်းရွှေလီ ဆန်မွှေးနှမ်းစပါး ငါးဧကစာ ပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က အထွက်ကောင်းဆင်းရွှေလီ စပ်မျိုးနှမ်းစပါးနှင့် ဆင်းရွှေလီဆန်မွှေး စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ မျိုးစပါးများ စုဆောင်းထားရှိမှု၊ စမ်းသပ်ထုတ်လုပ်နိုင်မှုအခြေအနေများကို ဖြည့်စွက်တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ပျိုးခင်းအတွင်း ဆင်းရွှေလီနှမ်းစပါးပျိုးထောင်ထားမှု၊ မြေဆီမြေဩဇာများ ပက်ဖျန်း ဆောင်ရွက်မှု၊ စိုက်ကွင်းပြင်ဆင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး၊ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည်နံနက်၁၁နာရီတွင်ဟူးမွှန်ဆည်ရေသောက်စပါးစိုက်ခင်းတောင်သူလယ်သမားခန်းမသို့ရောက်ရှိပြီး ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး စိုက်ပျိုးရေးလုပ်ငန်းများတွင်ထူးချွန်စွာဆောင်ရွက်ခဲ့ကြသော ဌာနဆိုင်ရာဝန်ထမ်းများနှင့်တောင်သူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသော စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ခေါင်းဆောင်များဖြစ်သည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှစစ်ဗျူဟာမှူးဒုတိယဗိုလ်မှူးကြီးဝင်းရှိန်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်၊ လားရှိုးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသန်းထွန်းနှင့် နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးတင်ဝင်းတို့အား ဂုဏ်ပြုပစ္စည်းများ အသီးသီးပေးအပ်ချီးမြှင့်ပြီး တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ထူးချွန်စွာဆောင်ရွက်ခဲ့ကြသော စိုက်ပျိုးရေးဝန်ထမ်း ၁၂ဦးတို့အား ဂုဏ်ပြုပစ္စည်းများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၏ ဇနီး ဒေါ်ခင်နှင်းဝေ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၏ ဇနီး ဒေါ်ခင်သန့်စင်နှင့် တပ်မတော်အရာရှိကြီးများ၏ ဇနီးများက ထူးချွန်တောင်သူများအား ဂုဏ်ပြုပစ္စည်းများ ပေးအပ်ကြသည်။

ကျေးဇူးတင်စကား

ယင်းနောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က လယ်ယာစီးပွားထူးချွန်(တတိယဆင့်)ရရှိသော ဦးစိုင်းစံထွန်းနှင့် ဦးစိုင်းစီတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်၍ တောင်သူ ဦးစိုင်းစံထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော ဆင်းရွှေလီအထွက်ကောင်း ဆန်နမူနာများ၊ ဆင်းရွှေလီကောက်ညှင်းဆန်၊ ဆင်းရွှေလီဆန်မွှေး၊ ဆင်းရွှေလီနေကြာနှင့် ပဲပုပ်တို့ကိုလည်းကောင်း၊ ဟူးမွှန်ဆည်ရေသောက် စိုက်ပျိုးမြေဧရိယာအတွင်း အထွက်ကောင်း ဆင်းရွှေလီ ပဲပုပ်ဧက ၁၀၀ စိုက်ပျိုးထားမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ဂုဏ်ပြုပေးအပ်

အဆိုပါ အခမ်းအနားတွင် ဆင်းရွှေလီ အထူးအထွက်တိုး စပါးမျိုး၊ စပါးထုတ်လုပ်မှုလုပ်ငန်း၌ ထူးချွန်စွာဆောင်ရွက်ခဲ့ကြသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် တောင်သူများအား စုစုပေါင်းငွေကျပ် ၁၅၈ သိန်းတန်ဖိုးရှိ ဂုဏ်ပြုပစ္စည်းများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်အသစ်တင်လှူမည် စေတီတော်ကြီး၏ကိုယ်လုံးတော်အပြည့်ရွှေစင်သက်န်းကပ်လှူ ပူဇော်မည်

မြတ်စွာဘုရားရှင် လက်ထက်တော်ကာလ နာဂဒတ္တမထေရ်သီတင်းသုံးတော်မူသောကြောင့် နာဂဒတ္တတောင်ဟု အမည်တော်ရှိခဲ့သော တောင်ထွတ်ပေါ်၌ မြန်မာသက္ကရာဇ် ၆၇၄ခုနှစ်တွင် ဝိဇယပုရမည်သော ပင်းယမြို့ကို တည်ထောင်သော တစီးရှင်သီဟသူမင်းလက်ထက် အမတ်ကြီးဦးပုည တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်လေသည်။ ပင်းယတည် တစီးရှင်သီဟသူသည် ပုဂံ၏နောက်ဆုံးမင်းကျော်စွာ၏ မိဖုရားကြီးဖွားစောထံမှ မြတ်ဗုဒ္ဓ၏ သရီရဓာတ်တော် ခုနစ်ဆူရရှိခဲ့လေသည်။ သီဟသူ၏ ပင်းယမြို့သစ် နန်းသစ်ဖွင့်ပွဲတွင် ပုဂံ(ပြုဂါမ်)၏ နောက်ဆုံးမင်း နရသီဟပတိမင်း၏ မိဖုရားကြီးက အနော်ရထာမင်းကြီးလက်ထက်မှစ၍ မင်းခုနစ်ဆက် နန်းစဉ်ကိုးကွယ်ခဲ့သော သရီရဓာတ်တော်ခုနစ်ဆူကို သီဟသူအား လက်ဆောင်ပေးအပ်ခဲ့လေရာ ထိုဓာတ်တော်များကို ပုညအမတ်ကသူ၏စေတီတော်တွင် ဌာပနာခဲ့လေသည်။ ပင်းယ တစီးရှင်သီဟသူ၏သားတော် ဇေယျပူရတိုင်း စစ်ကိုင်းတည်(၆၇၇) အသင်္ခယာစောယွန်းက နန်းစဉ်ဓာတ်တော်များ ထည့်သွင်းဌာပနာခဲ့ရာ ပုညစေတီတော်ကို ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသီတင်းစဉ် ဆွမ်းတော်ကြီးတင် ဘုရားပွဲများကို သီတင်းကျွတ်လပြည့်အထိ တင်လှူပူဇော်ခဲ့ရာ ပုညစေတီတော်ကြီးမှာ ဆွမ်းတော်ပွဲ တစ်ပွဲကို ဦးစွာအလှူခံရရှိတော်မူသဖြင့် ဆွမ်းဦးပုညရှင်ဟု အမည်တော်တွင်ခဲ့လေသည်။ သက္ကရာဇ်၆၇၄ခုနှစ်တွင် တည်ထားခဲ့သော ဆွမ်းဦးပုညရှင် စေတီတော်သည် နှစ်ပေါင်း၈၉၂နှစ် သက်တော်ရှည်ခဲ့ပြီဖြစ်သည်။ ငလျင်ဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရသည့်အတွက် ထီးတော်ကြီး အကြိမ်ကြိမ်ပျက်စီးခဲ့ရခြင်း၊ စေတီတော်ကြီး၏အထက်ပိုင်း အကြိမ်ကြိမ်ပျက်စီးခဲ့ရခြင်းတို့ကြောင့် စေတီတော်ကြီးကို မွမ်းမံပြုပြင်ရန် ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ အသစ်တင်လှူရန် လိုအပ်နေပြီဖြစ်ပါသည်။ သို့ဖြစ်၍ ယခုအခါ စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ စေတီတော်ဂေါပကအဖွဲ့၊ စစ်ကိုင်းတိုင်း၊ ခရိုင်၊မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့များ ပါဝင်ပူးပေါင်း၍ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော် အရှင်ဉာဏိဿရက ဦးဆောင်လျက် စေတီတော်ကြီးကို မွမ်းမံပြင်ဆင်ခြင်း၊ ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ အသစ်တင်လှူပူဇော်ရန် အခြေခံလုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်သည်။ ယခုနှစ် တပို့တွဲလပြည့်နေ့၌ ကိုယ်လုံးတော်ပြည့် ရွှေသက်န်းစတင် ကပ်လှူရန်နှင့် တပေါင်းလပြည့်နေ့၌ ရွှေထီးတော်အသစ်တင်လှူရန် လျာထား ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

အခွင့်ကောင်းကို ချောင်းကြည့်နေကြသည့် အလှူရှင်အပေါင်းတို့-

(၁) ဆွမ်းဦးပုညရှင်ဂေါပကအဖွဲ့ ဖုန်း-၀၇၂-၂၁၅၄၄

(၂) သီတဂူဗုဒ္ဓတက္ကသိုလ်၊ ပြန်ကြားရေးဌာန ဖုန်း-၀၇၂-၂၁၆၁၁

(၃) သီတဂူဆရာတော် ရန်ကုန်သီတဂူဓမ္မရိပ်သာ ဖုန်း-၀၁-၅၅၉၅၅၉

တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

စေတီလေးပါး တစ်ပါးပါးကိုပူဇော်ခြင်းသည် အသက်ထင်ရှားမြတ်ဘုရားအား ပူဇော်သည်နှင့်တူ၏။

သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ။

၁၉၆၄ခုနှစ်မှစ၍ ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများက နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအား ဆွမ်းကပ်လှူပွဲ အခမ်းအနားကို ဒီဇင်ဘာ ၉ရက်က သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေရှိ ဆွမ်းစားကျောင်းဆောင်၌ ကျင်းပရာ ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

ကျောက်ဆည်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ကျောက်ဆည်အသင်း (ရန်ကုန်)၏၂၀၀၄ခုနှစ် နှစ်ပတ်လည် စုံညီအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၃၀ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြားထား

ပညာရည်ချွန်ဆုပေးရန်အတွက် ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောက်ဆည်အသင်းဝင်များ၏ သားသမီးများ အထောက်အထားများနှင့်တကွ ဦးကျော်မြအောင် ဖုန်း-၆၈၀၈၅၁၊ ဦးခင်မောင်မြင့် ဖုန်း-၆၆၆၄၇၈၊ ဒေါ်ခင်မျိုးသန့် ဖုန်း-၆၆၄၆၂၈၊ ဦးလှဝင်း ဖုန်း-၅၂၇၀၉၂တို့သို့ ဇန်နဝါရီ၂၂ရက် နောက်ဆုံးထား၍ သတင်းပေးပို့ကြပါရန်နှင့် နှစ်ပတ်လည်စုံညီအစည်းအဝေးသို့ ကျောက်ဆည်အသင်း (ရန်ကုန်) အသင်းဝင်များနှင့် အသင်းမဝင်ရသေးသည့် ကျောက်ဆည်သူ ကျောက်ဆည်သားများလည်း တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

အမှတ် ၂၁၁ ဓမ္မရာဇာလမ်း (၁၀)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေဒေါ်ငွေညွှန့်၏(၅၉)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

အထက(၃)သာကေတ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

သာကေတမြို့နယ် အထက (၃) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက (၃)သာကေတ (သီရိရတနာခန်းမ)၌ ကျင်းပမည်ဖြစ်သည်။

ဆရာကြီး၊ ဆရာမကြီးများကြွရောက်ကြရန်၊ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဒေါ်ခင်အေးကြူ ဖုန်း-၅၅၈၀၄၅နှင့် ဦးတင်မြင့် ဖုန်း-၂၄၅၆၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

တမူးမြို့ သဇင်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့် ငွေကျပ်သိန်း ၂၀ ကျော် အကုန်အကျခံ ဆောင်ရွက်

တမူး ဇန်နဝါရီ ၅

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သော မြို့မဈေးအရှေ့ဘက် သဇင်လမ်း ကတ္တရာထပ်ပိုးလွှာလမ်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၈နာရီက ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးခင်မောင်ဆွေသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသောင်းညွန့်က အထိမ်းအမှတ်အလံပေးအပ်ပြီး အဆိုပါလမ်းကို ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

ဆောင်ရွက်

အဆိုပါလမ်းမှာ အရှည်ပေ ၇၇၀၊ အကျယ်၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ထည့်ဝင်ငွေ ကျပ် ၈၂၀၀၀၀နှင့်ပြည်သူများက ထည့်ဝင်ငွေကျပ် ၁၂၀၀၀၀၀ စုစုပေါင်း ကျပ်၂၀၂၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

လမ်းငါးလမ်းဆောင်ရွက်

တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း မြို့တွင်းလမ်းများအား ကတ္တရာခင်းခြင်းနှင့် ကတ္တရာထပ်ပိုးလွှာ လမ်းခင်းခြင်း လုပ်ငန်းများအဖြစ် လမ်းငါးလမ်းအား စည်ပင်သာယာရေးအဖွဲ့က ထည့်ဝင်ငွေကျပ် ၃၁၁၀၀၀၀နှင့် ပြည်သူများက ထည့်ဝင်ငွေကျပ်၃၅၈၀၀၀၀ စုစုပေါင်းငွေကျပ် ၆၆၉၀၀၀၀ ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

စဥ့်ကူးမြို့ ရောအောင်မြေ(၃)လမ်း ကတ္တရာလမ်းဖွင့်ပွဲကျင်းပ

စဥ့်ကူး ဇန်နဝါရီ ၃

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စဥ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ရောအောင်မြေ(၃)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ၂၀၀၄ခုနှစ် ဒီဇင်ဘာ ၂၇ရက် နံနက် ၉နာရီက အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာက အမှာစကားပြောကြားပြီး တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းက ရောအောင်မြေ(၃)လမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကတ္တရာလမ်းအား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စွာနှင့် အမှုဆောင်အရာရှိ ဦးတင်အောင်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(နယ်စပ်/စည်ပင်)

ချောက်မြို့၌ ကုက္ကိုတန်း ကျောက်ချောလမ်းဖွင့်

ချောက် ဇန်နဝါရီ ၉

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သော ချောက်မြို့ အမှတ်(၁၅)နယ်မြေ ရတနာအိုင့်ရပ် ကုက္ကိုတန်း ကျောက်ချောလမ်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၈နာရီက ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိက လမ်းပိုင်းဆိုင်ရာများ ရှင်းလင်းတင်ပြသည်။

အလံပေးအပ်

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးသီဟသို့ အမှုဆောင်အရာရှိ ဦးစိုးသန်းက အထိမ်းအမှတ်အလံပေးအပ်ပြီး မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အကုန်အကျခံ

အဆိုပါလမ်းမှာ အကျယ်၁၂ပေ၊ အရှည် ပေ၉၃၀ရှိပြီး အဖွဲ့ရန်ပုံငွေမှ ငွေကျပ်၁၅၄၀၀၀၀ အကုန်အကျခံကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

ကျောက်တလုံးကြီးမြို့တွင် ကျေးရွာစာကြည့်တိုက်ဖွင့်

ကျောက်တလုံးကြီး ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ကျောင်းထိုကျေးရွာတွင် လင်းနေရောင်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ကျေးရွာအခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပရာ ကျောက်တလုံးကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးညွန့်ရွှေနှင့် စာကြည့်တိုက်ကော်မတီဝင် ဦးနေထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အခမ်းအနားတွင် အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမျိုးညွန့်ရွှေက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လင်းနေရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် အလှူရှင်များက စာအုပ်စုစုပေါင်း အုပ် ၃၀၀ ပေးအပ်လှူဒါန်းရာ ဦးစီးမှူး ဦးမျိုးညွန့်ရွှေက လက်ခံရယူကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ရမည်းသင်းမြို့နယ်တွင် ကျောက်ချောလမ်းသစ်ဖွင့်

ရမည်းသင်း ဇန်နဝါရီ ၃

(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရမည်းသင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ရွှေစည်းခုံရပ်ကွက် စာတိုက်လမ်းကျောက်ချော လမ်းသစ် အရှည် ပေ ၁၃၆၀၊ အကျယ် ၁၂ ပေ ဖွင့်ပွဲ အခမ်းအနားကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၅ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ကြည်ရှိန်နှင့် အမှုဆောင်အရာရှိ ဦးစန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ရေပိုက်လိုင်း ဆက်သွယ်ခြင်း လုပ်ငန်းဆောင်ရွက်

မိုးကုတ် ဇန်နဝါရီ ၂

မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် မြို့ပြ ရေပေးရေးလုပ်ငန်းဖြစ်သည့် ကင်းချောင်း ရေပေးရေး အမှတ်(၁) ရေပိုက်လိုင်းလေးလက်မ ဂျီအိုင်ပိုက်လိုင်း ပေအရှည် ၂၀၀၀ ဆက်သွယ်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၉ရက်ကအမှုဆောင် အရာရှိ ဦးခင်မောင်ချိုနှင့် တာဝန်ခံ အင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးတင်မောင်လွင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အဆိုပါ ကင်းချောင်းရေပေးရေး လုပ်ငန်းကို ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ပြီး နှစ်စဉ်အပိုင်းလိုက် ဆောင်ရွက်ခဲ့ရာ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ ငွေကျပ် ၃၀၄သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(တိုင်းစည်ပင်)**

ရေစကြိုမြို့နယ် သဗ္ဗညုတ မုနိလောကချမ်းသာ ရွှေသိမ်တော်စေတီ ရွှေထီးတော်တင်လှူ ပူဇော်၊ ဗုဒ္ဓါဘိသေက အနေကဇာတင်

ရေစကြို ဇန်နဝါရီ ၃

ရေစကြိုမြို့နယ် မအူလေးရွာ တိုက်နယ်ဆေးရုံရှေ့ရှိ သဗ္ဗညုတမုနိလောကချမ်းသာ ရွှေသိမ်တော်စေတီရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲကို ဒီဇင်ဘာ ၁၇ရက် နံနက်၉နာရီက ကျင်းပသည်။ (ယာပုံ)

ရေစက်သွန်းချ

အခမ်းအနားတွင်ကံပွင့်အမွေးတိုင်လုပ်ငန်းရှင်ဦးသန်းအောင်-ဒေါ်ခင်သန်းဦး (သီရိသုဓမ္မသိင်္ဂီ)က စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်ဘုံအဆင့်ဆင့်နှင့် မြသပိတ်တော်လှူဖွယ်ပစ္စည်းများကို သံဃာတော်အရှင်သူမြတ်များအား ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထီးတော်တင်လှူ

ဆက်လက်၍ ကုသိုလ်ရှင်များ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိန်(လူမှုထူးချွန်) နှင့် မိတ္ထီလာမြို့ ရေလယ်ဖောင်တော်ဦး ဝေဇယန္တာ ကုသိုလ်ဖြစ်ထီးတော်တင်အဖွဲ့တို့က ထီးတော်ဘုံအဆင့်ဆင့်ကို စေတီတော်အထွတ်တွင် တင်လှူကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

ထို့နောက် ပင့်သံဃာတော်အရှင်သူမြတ်များအား ကျေးလက်ပြည်သူများနှင့်ကုသိုလ်ရှင်များက ဘုရားရင်ပြင်တော်ပေါ်တွင် ဆွမ်းဆန်စိမ်းလောင်းလှူကြကြောင်း သိရသည်။ **(က-ပ)**

ရွှေဘိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆင်ဖြူရှင်လမ်းတစ်လျှောက် မြက်ပင်များ၊ ချုံပင်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၁ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးကျော်သူ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကြီးကြပ်ဆောင်ရွက်

ဒီဇင်ဘာ ၄ရက်က မြဝတီမြို့ ဗိုလ်ချုပ်လမ်းမကြီး ပြုပြင်ဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစတင့်ဝေတို့ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ချောင်းဆုံမြို့ နှစ်ထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်

ချောင်းဆုံ ဒီဇင်ဘာ ၃၁

ချောင်းဆုံမြို့ မင်းကျောင်းပရိယတ်အတွင်း ငွေကျပ်သိန်း၅၀၀ကျော် အကုန်အကျခံတည်ဆောက်ဆဲဖြစ်သော ရွှေရတုနှစ်ထပ်ကျောင်းဆောင်သစ်အတွက် တတိယအကြိမ် အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၂၁ရက်က မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ရှိ မင်းကျောင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေရတုနှစ်ထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေများ ပေးအပ်ပွဲကျင်းပရာ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးအောင်မြင့် (ငြိမ်း) နှင့် ဇနီး ဒေါ်ဥမ္မာမိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးသန်းရွှေ (ရမ္မာဝတီဆောက်လုပ်ရေးအဖွဲ့) နှင့် ဇနီး ဒေါ်ဥမ္မာဝင်း မိသားစုက ငွေကျပ် ငါးသိန်း၊ ဦးမော်အောင်-ဒေါ်ခင်ဝင်းရွှေ၊ သား မောင်ရွှေထွန်း၊ သမီး မခင်အေးခဲ၊ မခင်လေးခဲမိသားစုက ငွေကျပ် ငါးသိန်း စုစုပေါင်း ငွေကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းရာ ကျောင်းဆောင်သစ်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးစန်းကြည်နှင့် အတွင်းရေးမှူး ဦးမောင်ဝင်းတို့က လက်ခံရယူကြသည်။

အဆိုပါ တည်ဆောက်ဆဲ ရွှေရတုနှစ်ထပ် ကျောင်းဆောင်တော်ကြီးအတွက် ပါဝင်လှူဒါန်းလိုသူများသည် မော်လမြိုင်မြို့ မင်းကျောင်းစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တနာဂိန္ဒ ဖုန်း-၀၅၇-၂၄၀၁၃ နှင့် ချောင်းဆုံမြို့ ရွှေရတုနှစ်ထပ်ကျောင်းဆောင်သစ် ဖြစ်မြောက်ရေး ကော်မတီ ဖုန်း-၀၅၇-(ချောင်းဆုံ) ၂၄တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၆၈)**

အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)
လူငယ်ဖွံ့ဖြိုးရေးကျောင်းအတွက် ဆန်အိတ်များလှူဒါန်း

အိမ်မဲ ဇန်နဝါရီ ၃

အိမ်မဲမြို့နယ် အသင်းသည် မွေးရပ်ဌာနေ ဇာတိမြေ အိမ်မဲမြို့နယ် အထက်ပိုင်းရှိ အင်ဒါဒီယာ၊ ပရဟိတ အာရေဗီ အလယ်တန်းကျောင်းနှင့် ချောင်းဝရပ်ရှိ အောင်သိပ္ပံစာသင်တိုက်ကြီးကြပ်မှုဖြင့်ဖွင့်လှစ်ထားသောလူငယ်ဖွံ့ဖြိုးရေး ပရဟိတ ကျောင်းတို့အတွက် တစ်ကျောင်းလျှင် ဆန်အိတ် ၁၅ အိတ်စီ လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲပိုင်းက အဆိုပါ ကျောင်း၌ အချိန်ခွဲ၍ ကျင်းပသည်။

စုပေါင်းလှူဒါန်း

အခမ်းအနားများတွင် အိမ်မဲမြို့နယ် အသင်းဥက္ကဋ္ဌဦးအောင်တင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်ရှင်းတို့က ဆန်အိတ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အတွင်းရေးမှူးဦးမြင့်စိုးက ဆန်အိတ်ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ သင်တန်းကျောင်း တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ ဆန်အိတ်များကို အိမ်မဲမြို့နယ် အသင်းဝင်များက စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချင်းနှင့်ဝန်ထမ်းများ ဒီဇင်ဘာ ၁၁ ရက်က မြို့လယ်နာရီစင်အနီး မြေယာရှုခင်းအလှဖြင့် မြို့သာယာလှပရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ညှိနှိုင်းစည်းဝေး

ပျဉ်းမနား ဇန်နဝါရီ ၆

ပျဉ်းမနားမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က လုပ်ငန်းဆိုင်ရာ ညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၃၁ရက်က မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးခန်း၌ ကျင်းပသည်။

ဆွေးနွေးတင်ပြ

အခမ်းအနားတွင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးတင်ဝင်း (တင်ဝင်းနိုင်)က ရှေ့လုပ်ငန်းများကို ဆွေးနွေးတင်ပြပြီး ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်(မာန်သွေးသစ်မင်း)က စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပရေးနှင့် စာပေပြိုင်ပွဲများကျင်းပရေး စီမံချက်ကို တင်ပြသည်။

အတွေ့အကြုံရှင်းလင်း

အတွင်းရေးမှူး ဦးထိန်လင်းဦး (လွှမ်းသခ်)က မြို့နယ်ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့နှင့် ပူးပေါင်းကျင်းပသော လယ်ဝေးမြို့ အထကကျောင်းနှင့် ရမည်းသင်းမြို့ မြို့မအထကကျောင်းတို့၌ ကျင်းပသော "မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက်ဖြင့် အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေး" သင်တန်းအတွေ့အကြုံများ ရှင်းလင်းပြောကြားကြောင်းသိရသည်။ **(၁၀၁)**

ဒီဇင်ဘာ၁၈ရက်ကမော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မော်လမြိုင်ကျွန်း-ကျွန်းဒိတ်လမ်း(ကျွန်းကြီးအပိုင်း)ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်နှင့်အငယ်တန်း အင်ဂျင်နီယာ (၃) ဦးချစ်ဝင်းဇော်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သော မတ္တရာ-ဗောဓိ-အောက်ကင်းကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို စည်ပင်သာယာဝန်ထမ်းနှင့် ပြည်သူများ စုပေါင်း ဆောင်ရွက်လျက် ရှိရာ ဒီဇင်ဘာ ၁၆ ရက်က အမှုဆောင်အရာရှိ ဦးဝင်းမော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်မော်မော်ဦးတို့ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

လားရှိုးမြို့ ရန်အောင်မြင်ရှေးဟောင်းဆုတောင်းပြည့်စေတီတော် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်ကပ်လှူပူဇော်

ရန်ကုန် ဇန်နဝါရီ ၁၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့်အတူ ဇန်နဝါရီ ၁၁ ရက် နံနက် ၇ နာရီတွင် လားရှိုးမြို့ ရန်အောင်မြင် ရှေးဟောင်းဆုတောင်းပြည့်စေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့်ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ✻

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် ပုသိမ်မြို့နယ် ငဝန်မြစ် အနောက်ဘက်ခြမ်း ပုသိမ်တံတား ချဉ်းကပ်လမ်းဘေးရှိ ကြောင်ပန်းကုန်း ကျေးရွာအုပ်စုမှ တောင်သူဦးတင်ညွန့်၏ ရေကျနောက်စိုက် မနောသုခ နွေစပါးစိုက်ခင်းတွင် သဘာဝမြေဩဇာ နှင့် ဓာတ်မြေဩဇာ ပေါင်းစပ်ကြဲပက်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(ရောဝတီတိုင်း)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နွေစပါးစိုက်ပျိုးရေး လိုအပ်ချက်များကူညီမည် တောင်သူများ နိုင်ငံတော်စေတနာ နားလည်ပြီး တာဝန်ကျေပွန်

ရန်ကုန် ဇန်နဝါရီ ၁၃

ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၈ ရက်က ပုသိမ်မြို့နယ် ငဝန်မြစ် အနောက်ဘက်ခြမ်း ပုသိမ်တံတားချဉ်းကပ်လမ်းဘေးရှိ ကြောင်ပန်းကုန်းကျေးရွာအုပ်စုမှ တောင်သူဦးတင်ညွန့်၏ရေကျနောက်စိုက် မနောသုခနွေစပါးစိုက်ခင်းတွင် ဒေသခံတောင်သူများစုပေါင်း၍ သဘာဝမြေဩဇာနှင့်ဓာတ်မြေဩဇာ ပေါင်းစပ်ကြဲပက်ခြင်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးအားပေးသည်။

တာဝန်ကျေပွန်

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့အား ကွင်းစပ်ရှိယာယီ ရှင်းလင်းဆောင်တွင် ပုသိမ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးလွင်က မြို့နယ်အတွင်း နွေစပါးစိုက်ဧက လျာထားချက်နှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ တိုင်းမှူးက တောင်သူများအား နွေစပါး စိုက်ပျိုးရာတွင် လိုအပ်သည်များကို မိမိတို့အနေဖြင့် တတ်နိုင်သမျှ

စာမျက်နှာ ၇ ကော်လံ ၁ ■

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါးအညွှန်း

❒ "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားပြီး မျိုးချစ်စိတ်ဓာတ်မြင့်မားသူများဖြစ်လာစေရန်အတွက် နိုင်ငံသူ နိုင်ငံသားအားလုံးက ခမ်းနား ကြီးကျယ်ပြီး အချက်အလက် စုံလင်သော မြန်မာပညာရှင်များ ပြုစုသည့် သမိုင်းကြောင်းဖြစ်စဉ် တိုးတက်မှုများကို လေ့လာပြီး ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီး"

ခေါင်းကြီး (စာ-၂)

❒ "မြန်မာနိုင်ငံအပေါ် အမေရိကန်နဲ့ ဥရောပသမဂ္ဂနိုင်ငံတချို့က စီးပွားရေး ပိတ်ဆို့ အရေးယူပေမယ့် အာဆီယံ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတွေနဲ့ အာရှနိုင်ငံတွေက မြန်မာနိုင်ငံအပေါ် အပြုသဘော ပိုမိုတိုးမြှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်"

အောင်မိုးစံ၏ဆောင်းပါး (စာ-၁၀)

ဖွံ့ဖြိုး

စည်ပင်

ကျေးလက်

တစ်ခွင်

ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက်မြားပစ်ပြိုင်ပွဲ မြန်မာ ရွှေ ၉ ခု၊ ငွေ ၅ ခု၊ ကြေး၁၀ ခုဖြင့် ပထမရရှိ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ပထမအကြိမ် အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် လေးရက်တိုင်တိုင် အောင်မြင်စွာဖြင့် ကျင်းပပြီးစီးသွားခဲ့ပြီဖြစ်သည်။

အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲတွင် ဒေါက်တာဇော်ထွန်း ခေါင်းဆောင်သည့် မြန်မာမြားပစ်အဖွဲ့ပါဝင်ယှဉ်ပြိုင်ခဲ့ရာ Recurve နှင့် Compound အမျိုးသား၊ အမျိုးသမီးအသင်းလိုက် ရှုံးထွက်ပြိုင်ပွဲနှင့် တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ် ၁၀ခုဖြင့် နိုင်ငံအလိုက် ပထမနေရာမှ ရပ်တည်နိုင်ခဲ့ပြီး အာရှနာမည်ကြီး မလေးရှားအသင်း၊ အင်ဒိုနီးရှားအသင်းတို့ကို ကျော်ဖြတ်ကာ ထိုက်ထိုက်တန်တန်ဖြင့် ပထမနေရာ၌ ရပ်တည်နိုင်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❒

ပထမအကြိမ် အရှေ့တောင်အာရှတံခွန်စိုက် မြားပစ်ပြိုင်ပွဲတွင် နိုင်ငံအတွက် ရွှေတံဆိပ် လေးဆုစီ ရယူပေးခဲ့ပြီး အကောင်းဆုံးအားကစားသမားဆုရ ဒုတပ်ကြပ် ပေါ်ဦးနှင့် ယုနန္ဒာထိုက်တို့ ဆုများနှင့်အတူ အောင်ပွဲခံနေစဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)